# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# (၁၇) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း- | ၃ |
| ၆ | (က) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ ဆောက်လုပ်ရေး တင်ဒါအောင်မြင်သော လုပ်ငန်းများဆောက်လုပ်ရာတွင် စာချုပ်ပါအတိုင်း အရည်အသွေး ပြည့်၊ မပြည့်ကို မည်သူကတာဝန်ယူပါမည်နည်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၇ | (ခ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ် (ကိုယ်စား) ဦးစိုင်းမွန်း၊ လဲချားမဲဆန္ဒနယ်၏ နမ္မတူမြို့နယ်ရှိ မုံးရင်ရွာနှင့် အီနိုင်းလမ်းခွဲ (၁၈)မိုင်မှ ၄ မိုင် ၆ ဖာလုံသာ ကတ္တရာလမ်း ဖြစ်ပါ၍ ကျန်ရှိနေသော အမာခံလမ်း ၁၃ မိုင် ၂ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၈ | (ဂ) ဒေါက်တာဦးအောင်ထွန်းခိုင်၊ ရေး မဲဆန္ဒနယ်၏ နှစ်ကရင်ကျေးရွာအုပ်စုအတွက် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံနှင့် ပလိုင်ကီး ကျေးရွာအုပ်စုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)တို့အား လာမည့် ဘဏ္ဍာရေးနှစ်များအတွင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၅ |

| | | |
|---|---|---|
| ၉ | (ဃ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၏ ဖားဆောင်းမြို့နယ်ရှိ (၂၅) ခုတင်ဆံ့ ဆောက်လက်စ ဆေးရုံအဆောက်အဦအား (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက် ဆောက်လုပ်နိုင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၁၀ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော “ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း” ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း | ၂၂ |
| ၁၁ | ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်က တင်သွင်းသည့် “ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာန အားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း” အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း- | ၂၄ |
| ၁၂ | အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၅၈ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက် မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၆၅ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## (၁၇)ရက်မြောက်နေ့ အစီအစဉ်

## [ ၉–၃–၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ **ဆောက်လုပ်ရေး တင်ဒါ အောင်မြင်သော လုပ်ငန်းများ ဆောက်လုပ်ရာတွင် စာချုပ်ပါအတိုင်း အရည်အသွေး ပြည့်၊ မပြည့်ကို မည်သူက တာဝန်ယူပါမည်နည်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ် (ကိုယ်စား) ဦးစိုင်းမွန်း၊ လဲချား မဲဆန္ဒနယ်၏ **နမ္မတူမြို့နယ်ရှိ မုံးရင်ရွာနှင့် အီနိုင်းလမ်းခွဲ (၁၈)မိုင်မှ ၄ မိုင် ၆ ဖာလုံသာ ကတ္တရာလမ်း ဖြစ်ပါ၍ ကျန်ရှိနေသော အမာခံလမ်း ၁၃ မိုင် ၂ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးအောင်ထွန်းခိုင်၊ ရေး မဲဆန္ဒနယ်၏ **နှစ်ကရင်ကျေးရွာအုပ်စုအတွက် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံနှင့် ပလိုင်ကီးကျေးရွာအုပ်စုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)တို့အား လာမည့် ဘဏ္ဍာရေးနှစ်များအတွင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၏ **ဖားဆောင်းမြို့နယ်ရှိ (၂၅) ခုတင်ဆံ့ ဆောက်လက်စ ဆေးရုံအဆောက်အဦအား (၂၀၁၆–၂၀၁၇) ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက် ဆောက်လုပ်နိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၇။ ဦးသန်းစိုးအောင်၊ ပျဉ်းမနား မဲဆန္ဒနယ်က တင်သွင်းသည့် **"ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာန အားလုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ခ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဂ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဥ့်ကိုင် မဲဆန္ဒနယ်၊

(င) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(စ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၊

(ဆ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

(ဇ) ဦးဇော်ဝင်း၊ ထန်းတပင် မဲဆန္ဒနယ်၊

(ဈ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၊

(ည) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ဋ) ဦးအောင်ကျော်ဖံ၊ ပေါက်တော မဲဆန္ဒနယ်၊

(ဌ) ဦးဇော်မင်းလွင်၊ မတ္တရာ မဲဆန္ဒနယ်၊

(ဍ) ဗိုလ်မှူးနှင်းစိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဎ) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဏ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(တ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၊

(ထ) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၊

(ဒ) ဦးကျော်မျိုးမင်း၊ မိုးညို မဲဆန္ဒနယ်၊

(ဓ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၊

(န) ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၊

(ပ) ဦးလှထွန်းအောင်၊ မလှိုင် မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
## (၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၈၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြ သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၂) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၂ ရက်၊

(၃) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်နှင့်

(၅) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၃၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၅ ဦး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆောက်လုပ်ရေးတင်ဒါ အောင်မြင်သော လုပ်ငန်းများဆောက်လုပ်ရာတွင် စာချုပ်ပါအတိုင်း အရည်အသွေးပြည့်၊ မပြည့်ကို မည်သူကတာဝန်ယူပါမည်နည်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ဆောက်လုပ်တဲ့ ဆောက်လုပ်ရေးတင်ဒါလုပ်ငန်း၊ အောင်မြင်သောလုပ်ငန်းများ ဥပမာ-လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံစသည်တို့ ဆောက်လုပ်ရာတွင် စာချုပ်ပါအတိုင်း အရည်အသွေးပြည့်၊ မပြည့်ကို မည်သူကတာဝန်ယူပါမည်နည်း၊ တင်ဒါအောင်မြင်၍ ဆောက်လုပ်သောကုမ္ပဏီက တာဝန်ယူပါသလား၊ ဆောက်လုပ်ပြီးလုပ်ငန်းအတွက် စစ်ဆေးလက်ခံသောသူက တာဝန်ယူပါမည်လားနဲ့ ပတ်သက်ပြီးတော့ သိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကန်ထရိုက်စနစ်နဲ့ လုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ လိုက်နာကျင့်သုံးရမယ့်လုပ်ငန်းလမ်းညွှန်ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့မြို့နယ်အလိုက် ပြုစုထားရှိရမယ့် ဈေးနှုန်းစာအုပ်ထားပြီးတော့ ဒေသအာဏာပိုင်တွေထံ တင်ပြအတည်ပြုထားဖို့ကိုလည်း လမ်းညွှန်ခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်ကအဓိကအပေါ်မှာက ဘိလပ်မြေဈေးကို ရေးထားတာပါ။ တစ်ခုက ၅၅၀၀ ဖြစ်တယ်။ တစ်ခုက ၅၀၀၀ ဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့က မြို့နယ်ဈေးနှုန်းရှိတယ်။ ဒါပေမဲ့ ဈေးနှုန်းတွေက အဲဒီလိုဟနေတဲ့ဟာက ဘာကြောင့် ပါလဲ။ ဒါက တစ်ခုရှိပါတယ်။ နောက်တစ်ခုက အောက်ကကျွန်တော်ဟိုမှာ အဝါနဲ့ပြထားတာရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဘိလပ်မြေတွေဘယ်လိုစပ်ရမလဲဆိုတာကို 1 : 2 : 4 : 1 : 3 : 6 ဆိုပြီးတော့ ပြထားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကဘိလပ်မြေစပ်တဲ့ဟာက ဘိလပ်မြေ၊ သဲ၊ ကျောက်ကိုစပ်တဲ့အခါမှာ၊ ကွန်ကရစ်ကိုစပ်တဲ့နေရာမှာ Volume ကိုကြည့်မှာလား။ အဲဒီလိုမဟုတ်ရင် ဘိလပ်မြေရဲ့ Strength ကို ကြည့်မှာလားဆိုတာရှိပါတယ်။ ဘိလပ်မြေရဲ့ခံနိုင်အားကိုကြည့်ဖို့ဆိုရင် ဘိလပ်မြေရဲ့ Strength ကို စမ်းရမှာဖြစ်ပါတယ်။ အဲဒီတော့ အခုတော့ ဒီမှာကတော့ Volume နဲ့ ပြထားတဲ့အတွက်ကြောင့် ဘိလပ်မြေမကောင်းရင်ဘယ်လိုလုပ်မလဲ။ ဘိလပ်မြေမကောင်းတာနဲ့ကောင်းတာနဲ့ရော ဘယ်

လိုခဲ့ခြားမလဲဆိုတာကြီးက ဒါကြီးက ကွဲကွဲပြားပြားမရှိဘူးဖြစ်နေပါတယ်။ အဲဒါကြောင့် ဘိလပ်မြေရဲ့ ခံနိုင်အားကိုသိချင်တယ်ဆိုရင် လက်ရှိအခြေအနေအရ ဘယ်လိုစမ်းသပ်နေပါသလဲ။ နောက် အဲဒီလို စမ်းသပ်ဖို့ကို ဘယ်သူကတာဝန်ယူလဲဆိုတာကို သိချင်ပါတယ်။

ကန်ထရိုက်လုပ်ငန်းရဲ့အဓိကရည်ရွယ်ချက်ကတော့ ဈေးနှုန်းပြိုင်ဆိုင်ပြီးတော့ ကုန်ကျစရိတ်သက်သာဖို့ဖြစ်ပါ။ အဲဒီတော့ ဒီနေရာမှာ ခန့်မှန်းခြေစာရင်းတွေကို ခန့်မှန်းဖို့အတွက်ကို သန်း ၅၀၊ သန်း ၁၀၀၊ သန်း ၂၀၀၊ သန်း ၃၀၀ နဲ့အထက်ဆိုပြီးတော့ သက်ဆိုင်ရာပညာရှင်တွေကို ခန့်မှန်းစာရင်းတွေနဲ့ပတ်သက်ပြီး တာဝန်ပေးထားတာရှိပါတယ်။ အဲဒီတော့ ဒါတွေနဲ့ပတ်သက်ပြီးတော့ရော ဒီ Estimate တွေတွက်တဲ့အခါကျရင် ဈေးနှုန်းတွေစောစောကကျွန်တော်ပြခဲ့သလိုပါပဲ။ ဘိလပ်မြေဈေးနှုန်းဟာ ကျွန်တော်တို့ဒေသမှာဆိုရင် လက်ရှိ ၅၀၀၀ ရှိပါတယ်။ အဲဒီတော့ ၅၅၀၀ ဖြစ်နေခြင်းက ဒါဆိုရင် ဈေးနှုန်းမြင့်မားနေတယ်ဆိုရင် သက်ဆိုင်ရာပညာရှင်တွေက တာဝန်ယူမှာလားဆိုတာကိုလည်း ကျွန်တော်သိချင်ပါတယ်။

နောက်တစ်ခုက ဒီမှာ ကျပ် ၁၀ သန်းမှ သန်း ၁၀၀ အထိကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွေမှာ အိတ်ဖွင့်တင်ဒါအတွက် ကြော်ငြာပေးရမယ်။ နောက်တစ်ခုက တင်ဒါရွေးချယ်တဲ့နေရာကျတော့လည်း သက်ဆိုင်ရာဌာနတာဝန်ရှိတွေနဲ့အတူ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ အခြားသောပြင်ပအဖွဲ့အစည်းက အနည်းဆုံးသုံးဦးပါရမယ်လို့ပြောထားတဲ့အတွက်ကြောင့် တင်ဒါခေါ်ယူတဲ့ကိစ္စတွေကို ခရိုင်ရုံးတွေမှာလည်းလုပ်လို့ရပါတယ်။ တကယ်လို့ ခရိုင်ကဦးစီးပြီးတော့ မြို့နယ်မှာလုပ်ပေးနိုင်မယ်ဆိုရင်တော့ ပိုပြီးတော့ တင်ဒါရွေးချယ်ရေးအဖွဲ့ရယ်၊ မြို့နယ်တည်ကော်ရယ်၊ ကုမ္ပဏီရယ်၊ ဒေသခံတွေရဲ့အကြား ထိတွေ့မှုရှိတဲ့အတွက် ပိုပြီးတော့ဂရုစိုက်ထိန်းကျောင်းနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အခုလက်ရှိအခြေအနေထိက ပြည်နယ်တွေမှာပဲ လုပ်သွားတာတွေ့ရပါတယ်။

အဲဒီတော့ ဒီနေရာမှာတော့ တင်ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာအစိုးရမဟုတ်ရင် အစိုးရအဖွဲ့ရဲ့ဝန်ထမ်းအကြီးအကဲတွေကနေပြီးတော့ တင်ဒါစည်းမျဉ်းစည်းကမ်းတွေနဲ့ပတ်သက်ပြီး အရည်အချင်းပြည့်ဝမှုကို ဆောင်ရွက်မှုရှိ/မရှိစစ်ဆေးအတည်ပြုပြီးမှ လက်ခံဖို့တာဝန်ရှိတယ်ဆိုပြီးတော့ တင်ဒါချပေးတဲ့အစိုးရဌာနမဟုတ်ရင် အစိုးရအဖွဲ့ကိုတာဝန်ပေးထားတာရှိပါတယ်။ ဒီနေရာမှာ အင်ဂျင်နီယာဌာနဆိုရင်တော့ ပြဿနာမရှိပါဘူး။ အစိုးရအဖွဲ့အစည်းဆိုတဲ့ဝန်ထမ်းအကြီးအကဲဆိုရင်တော့ အင်ဂျင်နီယာမဟုတ်ရင် သူကဒီကိစ္စကိုနားမလည်ဘဲနဲ့ တာဝန်ခံရမယ်ဆို ဒီဥစ္စာက ဝန်ထမ်းအတွက်

အဆင်မပြေဘူးလို့ထင်တဲ့အတွက် ဒီဥစ္စာလေးကိုမေးကြည့်တာပါ။ နောက်တစ်ခုက တင်ဒါရရှိတဲ့ သူက တော့ သူ့ရဲ့အရည်အချင်းပြည့်ဝအောင် လုပ်ရဖို့တာဝန်ရှိပါတယ်။

တင်ဒါတင်သွင်းသူကို တင်ဒါခေါ်ယူစဉ်က ထည့်သွင်းဖော်ပြထားခြင်းမရှိတဲ့လုပ်ငန်းတွေကို တာဝန်ယူလုပ်ကိုင်စေခြင်းမရှိရသလို မူလတင်သွင်းထားတဲ့တင်ဒါတွေ ပြောင်းလဲပြင်ဆင်ပြီးတော့လည်း မရှိစေရဘူးလို့ပြောထားပါတယ်။ အဲဒီတော့ လုပ်ရန်လည်းခွင့်မပြုရပါလို့ရေးထားတဲ့ အတွက်ကြောင့် ဒါကြောင့် တင်ဒါလုပ်ငန်းတွေက စာချုပ်အတိုင်းမဖြစ်တဲ့အခါကျရင် ကုမ္ပဏီတွေကို ဘယ်သူတွေက၊ ဘယ်အဖွဲ့က ဘယ်လိုတာဝန်ယူဖြေရှင်းကြမှာလဲဆိုတာကို သိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးမှမေးမြန်းထားတဲ့ နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောက်လုပ်တဲ့ဆောက်လုပ်ရေးတင်ဒါအောင်မြင်သောလုပ်ငန်းများ ဥပမာ-လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံစသည်တို့ ဆောက်လုပ်တဲ့နေရာမှာ စာချုပ်ပါအတိုင်း အရည်အသွေးပြည့်၊ မပြည့်ကို မည်သူကတာဝန်ယူပါသနည်း၊ တင်ဒါအောင်မြင်၍ ဆောက်လုပ်သောကုမ္ပဏီက တာဝန်ယူပါသလား၊ ဆောက်လုပ်ပြီးတဲ့လုပ်ငန်းအတွက် စစ်ဆေးလက်ခံတဲ့လူက တာဝန်ယူဖြေရှင်းမည်လားဆိုတဲ့ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးရဲ့မေးခွန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့်ပေါင်းစပ်ညှိနှိုင်းဖြေကြားသွားရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှညွှန်ကြားခဲ့သဖြင့် အဆိုပါဝန်ကြီးဌာနများမှ ဆောင်ရွက်မှုအခြေအနေများနှင့်အတူ ပေါင်းစပ်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ဘတ်ဂျက်နဲ့ဆောင်ရွက်တဲ့ တည်ဆောက်ရေးလုပ်ငန်းများ

ဥပမာ-လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံစတဲ့ဆောက်လုပ်တဲ့နေရာမှာ လိုက်နာဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးရဲ့ခွင့်ပြုချက်နဲ့ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့အားလုံးကို ကန်ထရိုက်စနစ်နဲ့ လုပ်ငန်းများဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမယ့် လုပ်ငန်း လမ်းညွှန်စာအုပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ ဖြန့်ဝေထားခဲ့ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့တော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောက်လုပ်တဲ့လုပ်ငန်းတွေမှာ ဆိုရင် လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူဖွင့်ဖောက်ခြင်းများ ဆောင်ရွက်ပြီးတော့ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီများအား လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊ အဆိုပါ တင်ဒါအောင်မြင်တဲ့တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းအရည်အသွေးပြည့်မီစေရန် စာချုပ်ပါ အသေးစိတ်တွက်ချက်မှုစာရင်း(BQ)အား ရုံးချုပ်၊ အင်ဂျင်နီယာဌာနမှစစ်ဆေးပြီးတော့ တည်ဆောက် ရေးလုပ်ငန်းကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ အတည်ပြုချက်ရရှိပြီးတဲ့ အသေးစိတ် တွက်ချက်မှုစာရင်း(BQ)များကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးရုံးများနှင့် ပြည်နယ်/တိုင်းဒေသ ကြီးအစိုးရအဖွဲ့များသို့ ဖြန့်ဝေပေး၍ ပြည်နယ်/တိုင်းဒေသကြီးရုံးများမှ လုပ်ငန်းဆောင်ရွက်တဲ့ မြို့ များမှာဆိုရင် သက်ဆိုင်ရာဌာနများပါဝင်တော့ အရည်အသွေးစစ်ဆေးရေးအဖွဲ့(QC)အဖွဲ့များ၊ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးရန်အတွက် လုပ်ငန်းပြီးစီးမှုစစ်ဆေးရေးအဖွဲ့(Work Done) အဖွဲ့များကိုဖွဲ့စည်းပြီးတော့ BQ များကို ဆက်လက်ဖြန့်ဝေပြီးတော့ စစ်ဆေးကြောင်းသိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာလုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းအရည် အသွေးစစ်ဆေးရေးအဖွဲ့ကနေစစ်ဆေးပြီးတော့ လုပ်ငန်းပြီးစီးကြောင်းထောက်ခံချက်နဲ့ ပြည်နယ်/ တိုင်းဒေသကြီးရုံးတွေကနေတစ်ဆင့် ဝန်ကြီးဌာနသို့ ခွင့်ပြုချက်ရယူပြီးတော့ ရန်ပုံငွေများကို လုပ်ငန်း ပြီးစီးမှုအလိုက် အရစ်ကျထုတ်ပေးလျက်ရှိကြောင်း၊ အဲဒီလုပ်ငန်းတွေဟာဆိုရင် အရည်အသွေးစံချိန် စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန်အတွင်း လုပ်ငန်းပြီးစီးရေးတို့အတွက်ကို ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် စာရင်းစစ်ဆေးရေးအဖွဲ့တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေ၊ ဝန်ကြီးဌာနမှတာဝန်ရှိသူတွေကနေပြီးတော့ ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း၊ အဲဒီလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီးပါကလည်း ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးရုံးများကနေ တာဝန်ပေးအပ်ထားတဲ့ သက်ဆိုင်ရာမြို့နယ်

တာဝန်ခံများကလည်း လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီမှ စနစ်တကျလုပ်ငန်း လွှဲပြောင်း၊ လက်ခံဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဆက်လက်ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် တင်ဒါလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ပွင့်လင်းမြင်သာစွာ နိုင်ငံပိုင်သတင်းစာများတွင် တင်ဒါကြေငြာခြင်း၊ တင်ဒါစည်းကမ်းချက်များနှင့် ရှင်းလင်းပေးခြင်း၊ တင်ဒါပိတ်ရက်တွင် နည်းပညာအဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာများအား စစ်ဆေးခြင်းတို့ကို သတ်မှတ်ထားတဲ့လမ်းညွှန်ချက်အတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းထားတဲ့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့က ညွှန်ကြားချက်များနှင့်အညီ ပွင့်လင်းမြင်သာစွာ ရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွေကနေပြီးတော့ ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသတံတားဆောက်လုပ်ခြင်း၊ ရေပေးရေးလုပ်ငန်းဆောင်ရွက်ခြင်းတို့အတွက် လုပ်ငန်းအလိုက်သတ်မှတ်ရက်အတွင်းပြီးစီးရေး၊ သတ်မှတ်ထားတဲ့စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားတဲ့အာမခံကာလအတွင်း ပြီးစီးရေးတို့အတွက်ကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့မှဖွဲ့စည်းထားတဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များပါဝင်တဲ့ အရည်အသွေးစစ်ဆေးရေး(QC)အဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်းများဖြင့် ဖွဲ့စည်းပေးထားသော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အရည်အသွေးစစ်ဆေးရေး(QC)အဖွဲ့တို့နဲ့ အဆင့်ဆင့်ဖွဲ့စည်းစစ်ဆေးလျက်ရှိပါကြောင်း၊ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီရဲ့ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအပေါ် မူတည်ပြီးတော့ ငွေထုတ်ခွင့်တင်ပြလာပါကလည်း သက်ဆိုင်ရာလုပ်ငန်းပြီးစီးမှုအလိုက် အရည်အသွေးစစ်ဆေးရေးအဖွဲ့ရဲ့ စစ်ဆေးထောက်ခံချက်နဲ့ တောင်းခံငွေတွေကို ထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားပါတယ်။

ဆက်လက်ပြီးတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရုံး၊ ဌာန၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်အခြေခံပညာကျောင်းများမှာ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်တဲ့နေရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးရဲ့ အတည်ပြုချက်ဖြင့် ဖြန့်ဝေထားတဲ့ ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာ

ကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ရမည့် စီမံကိန်းများအလိုက် နိုင်ငံပိုင်သတင်းစာများမှာ ကြော်ငြာထည့်သွင်းခေါ်ယူခြင်း၊ တင်ဒါလျှောက်လွှာ ပုံစံရောင်းချစဉ်ကတည်းကပင် တင်ဒါလျှောက်လွှာစည်းကမ်းချက်များအတိုင်း ကုမ္ပဏီတွေဘက်က နေပြီးတော့ PE, RSE, RE များကို ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း တာဝန်ယူကြီးကြပ် ဆောင်ရွက် ရန်ဟု ထည့်သွင်းဖော်ပြထားခြင်း၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများနှင့် လုပ်ငန်းအပ်နှံသဘောတူ စာချုပ်ကို ဆောင်ရွက်လျက်ရှိခြင်း စတဲ့လုပ်ငန်းစဉ်အလိုက် အသေးစိတ်ကြပ်မတ်စစ်ဆေးလျက်ရှိ ကြောင်း တင်ပြထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ ဝန်ကြီးဌာနများအနေနဲ့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန် စာအုပ်ပါအချက်များကို အခြေခံပြီးတော့ဆောင်ရွက်လျက်ရှိသကဲ့သို့လည်း ဆောက်လုပ်ရေးဝန်ကြီး ဌာနကလည်း တည်ဆောက်မှုဆိုင်ရာ တင်ဒါများကိုခေါ်ယူဆောင်ရွက်ရာမှာ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများနှင့် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ကုမ္ပဏီများရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ပုံစံများ၊ စံချိန်စံညွှန်းများ၊ သတ်မှတ်အရည်အသွေးတို့နှင့် ကိုက်ညီမှုရှိ/မရှိ လုပ်ငန်းကြီးကြပ်စစ်ဆေး ရေးအဖွဲ့၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့တို့က စစ်ဆေးကြီးကြပ်ဆောင်ရွက်ခြင်း၊ သတ်မှတ်အရည် အသွေးများနှင့်ကိုက်ညီမှသာ လုပ်ငန်းလွှဲပြောင်း/လက်ခံခြင်းတို့ကို ဆောင်ရွက်ပြီးတော့ စာချုပ်ပါ သတ်မှတ်ကာလပြည့်မှသာလျှင် Completion Certificate ထုတ်ပေးခြင်းစတဲ့ စနစ်တကျစိစစ် ဆောက်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းလမ်းညွှန်စာအုပ်များတွင် ဖော်ပြထားချက်အရ တင်ဒါအောင်မြင်သောကုမ္ပဏီများ အနေနဲ့စာချုပ်ပါအတိုင်း စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ရက်အတွင်းပြီးစီးရေး၊ အာမခံကာလတို့ အတွက် စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် အလုံးစုံတာဝန်ရှိမည် ဖြစ်ပြီးတော့ သဘာဝဘေးဒဏ်နှင့် မလွှဲမရှောင်နိုင်သောဘေးအန္တရာယ်တို့ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်လာပါက လုပ်ငန်းများတွင် အရည်အသွေးစစ်ဆေးပြီး ဌာနနှင့်ကုမ္ပဏီတွင် တာဝန်ရှိမှာတော့ မဟုတ်ပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့ အခြေအနေများအရ တင်ဒါ အောင်မြင်သောကုမ္ပဏီများအနေနဲ့ စာချုပ်ပါအာမခံကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်ပါက ကုမ္ပဏီကနေပြီးတော့ တာဝန်ယူပြုပြင်ပေးရမှာဖြစ်ပါကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို

အကောင်အထည်ဖော်ရာမှာ သတ်မှတ်ထားတဲ့အရည်အသွေးနှင့် စံချိန်စံညွှန်းများအတိုင်း ပြည့်မီခြင်း မရှိဘဲ ဆောင်ရွက်ထားတဲ့လုပ်ငန်းများအား အရည်အသွေးစစ်ဆေးရေးအဖွဲ့မှလက်ခံပါက လက်ခံတဲ့ အရည်အသွေးစစ်ဆေးရေးအဖွဲ့နဲ့ ကုမ္ပဏီတို့တွင်သာ တာဝန်ရှိမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကိုတစ်ဆက်တစ်စပ် တည်းမေးခွန်းမေးခွင့်ပြုပါ။ အခု ကျွန်တော်တို့ဖြစ်နေတာက အခုတင်ဒါအောင်မြင်ပြီးတဲ့ကုမ္ပဏီ တွေက မြို့နယ်မှာလာဆောက်တဲ့အခါကျရင် မြို့နယ်တည်ဆောက်ရေးကော်မတီဖြစ်တဲ့ တည်ကော် ကိုတောင် ကျွန်တော်တို့က အကြောင်းကြားခြင်းမရှိပါဘူး။ ဖြစ်နေတဲ့ကိစ္စတွေက အဲဒီလိုပဲ သူ့ဟာသူ လာဝင်ဆောက်တယ်။ နောက်တစ်ခုက ဆောက်နေတဲ့အချိန်မှာလည်း ကျွန်တော်တို့ Foundation ချတယ်ဆိုလည်း တည်ကော်ကိုမခေါ်ဘူး။ ဒါက ကျွန်တော်တို့မြို့နယ်တည်ကော်တွေက ကျွန်တော်တို့ ကိုပြန်ပြောလို့သိရတာပါ။ အဲဒီလိုမခေါ်ဘဲနဲ့ ဆောက်နေတာဖြစ်ပါတယ်။ နောက် ကျွန်တော် တို့ ဒီအပေါ်မှာ တည်ကော်ကတွေ့တဲ့အတွက်ကြောင့် Foundation မပြည့်လို့ပြန်ဖျက်ခဲ့ရတဲ့ကျောင်း တစ်ကျောင်းရှိပါတယ်။ ဆိုတော့ ဒီနေရာမှာ အရည်အသွေးမပြည့်တာတွေ၊ စာချုပ်ပါအတိုင်း မဖြစ်တာ တွေစစ်ဆေးတွေ့ရှိခဲ့တဲ့အခါကျရင် လမ်းဆိုရင်လည်း လမ်းပြန်ခင်းခိုင်းတာ၊ နောက် ကျောင်းဆို ရင်လည်း ကျောင်းကိုပြန်ပြီးတော့ မွမ်းမံခိုင်းတာတွေရှိပါတယ်။ ကြားနေရပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျာ။ အဲဒီမှာ အပြစ်ပေးအရေးယူခြင်းဆိုတဲ့အခန်းတစ်ခန်းပါပါတယ်။ အဲဒီမှာ ဘာလဲဆိုတော့ ကန်ထရိုက်လုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ရတဲ့ကုမ္ပဏီဟာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ချုပ်ဆိုတဲ့ကန်ထရိုက်စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပါက နှစ်ဖက်သဘောတူချုပ်ဆို ထားသော စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်လို့ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပြန်မေးရမှာက စာချုပ်ထဲမှာ ပြန်ပြင်ဆင်ခွင့်များထည့်ထားလို့ ဒီလိုပြန်ပြင်ဆင်ခွင့် ပေးနေတာလား။ အဲဒီလိုမဟုတ်ဘူးဆိုရင် ပြည်သူပိုင်ငွေအရ ကျွန်တော်တို့က စာချုပ်စာတမ်းနဲ့ လုပ်ပါမယ်လို့ အာမခံပြီးမှ ဒီစာချုပ်အတိုင်းမဖြစ်ဘူးဆိုရင် အဲဒါဟာ ကျွန်တော်တို့ တရားစွဲအရေးယူဖို့ မလိုဘူးလား။ ဒီလိုပဲ အပြစ်ခွင့်လွှတ်ခွင့်ရော ဘယ်လိုလူမျိုးမှာ လုပ်ခွင့်ရှိပါသလဲ။ အပြစ်ရှိတဲ့သူ အပြစ်ပေးခြင်းဟာ တရားဥပဒေလိုက်နာတဲ့နိုင်ငံသားတွေကို အစိုးရကိုယုံကြည်မှုကင်းမဲ့စေပါတယ်။

နောက်တစ်ခုက စိတ်အေးချမ်းသာစွာနေလိုတဲ့နိုင်ငံသားတွေကိုလည်း စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ အတွက်ကြောင့် ဒီဆက်စပ်မေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်ကိုကိုဦးမေးတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ အဲဒီတော့ အခု ကျွန်တော်တို့ ကန်ထရိုက်စနစ်နဲ့လုပ်ငန်းများဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမယ့် လုပ်ငန်းလမ်းညွှန်ကို ဒီအစိုးရသစ်မှာ စတင်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဌာနတွေအနေနဲ့လည်းပြီးခဲ့တဲ့ဖြစ်စဉ်တွေ ဒီမှာ ရှိတဲ့ ကိုယ်စားလှယ်ကြီးတွေအားလုံးသိသလိုပဲ ကျွန်တော်တို့လည်းသိပါတယ်။ ဒါတွေကို ကျွန်တော်တို့ မြန်မာတစ်ပြည်လုံးအတိုင်းတာနဲ့ ဖြစ်ပျက်နေတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အနေနဲ့လည်း ဒါကို ပထမလုပ်ရမယ့်အဆင့်လေးကတော့ ခုနကလမ်းညွှန်ဆိုတာလည်း ကျွန်တော်တို့ရဲ့ အတွေ့အကြုံတွေလည်းပါတယ်။ UN ကအဖွဲ့တွေပါပါတယ်။ ကမ္ဘာ့ဘဏ်ကအဖွဲ့တွေပါပါတယ်။ သူတို့ရဲ့ ဒေသတွင်းအတွေ့အကြုံတွေ ဒါလေးတွေ ကျွန်တော်တို့အကုန်စုပြီးတော့ ပထမဆုံးထုတ်တဲ့ အမည်ကိုက လုပ်ငန်းလမ်းညွှန်လို့ပဲ ကျွန်တော်တို့ဖော်ထားပါတယ်။ ဒါလေးရဲ့အနေအထားလေး ကတော့ GuideLine သဘောမျိုးဖြစ်ပါတယ်။ အရင်တုန်းကတော့ ကျွန်တော်တို့ အဲဒီလိုလမ်းညွှန် လေးတောင်မှ မရှိခဲ့ပါဘူး။ မရှိခဲ့တဲ့အတွက် လုပ်တဲ့လုပ်ငန်းတွေက Standardize လည်းမဖြစ်ပါဘူး။ ဒါက တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဒီလိုပဲ သွားနေကြပါတယ်။ ဒါလေးကို ကျွန်တော် တို့က တတ်နိုင်သလောက် First Stage ပေါ့နော်။ ပထမလုပ်နိုင်တဲ့၊ လုပ်ငန်းလေးတစ်ခုအနေနဲ့ Standardize တော့ ဒီလိုလုပ်မှဖြစ်မယ်။ ဒီလိုလုပ်တဲ့အခါမှာတော့ ရုတ်တရက်ကြီးလည်း ကျွန်တော် တို့က ဒီလို Enforce လုပ်လို့လည်းမဖြစ်သေးပါဘူး။ ကျွန်တော်တို့တိုင်းပြည်ဖြတ်သန်းလာတဲ့ အနေ အထားကလည်း အားလုံးအသိပဲဖြစ်ပါတယ်။ အရင်တုန်းကလုပ်ခဲ့တဲ့ပုံစံလေးကနေပြီးတော့ ကျွန်တော် တို့က တဖြည်းဖြည်းပေါ့နော်။ ကုမ္ပဏီတွေလည်း ကုမ္ပဏီတွေအလျောက် ကျွန်တော်တို့လိုချင်တဲ့ ဘောင်လေးထဲကို အဆောက်အဦတွေရဲ့အရည်အသွေးတွေတက်အောင်၊ စံချိန်စံညွှန်း တွေအတိုင်း လိုက်နာအောင် ဒါတွေအပေါ်မှာလည်းစစ်ဆေးတယ်ဆိုတဲ့ကိစ္စတွေ၊ Monitoring လုပ်တယ်ဆိုတဲ့ ကိစ္စတွေ ဒါလေးတွေလည်း ကျွန်တော်တို့က ဖြစ်စေချင်ပါတယ်။ ဖြစ်စေချင်တဲ့အတွက်လည်း အခုလို လမ်းညွှန်ဆိုပြီးတော့ လုပ်ခြင်းဖြစ်ပါတယ်။ လမ်းညွှန်ဖြစ်တဲ့အတွက် ကျွန်တော်တို့မှာတော့ ဒါဟာ

ဥပဒေလည်းမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အခုနက အပြစ်ပေးတာတို့၊ ဘာတို့တော့ ဒီထဲမှာနှစ်ဦးသဘောတူချုပ်တဲ့စာချုပ်တွေအပေါ်မှာပဲ မူတည်ပါမယ်။ တစ်ယောက်နဲ့ တစ်ယောက်သဘောတူတဲ့အထဲမှာ ဒါကိုပြစ်မှုဆိုင်ရာအရ အရေးယူမယ်လို့ ဒီလိုတစ်ယောက်နဲ့ တစ်ယောက်သဘောတူချုပ်ထားရင်တော့လည်း ဒါပြစ်မှုဆိုင်ရာအရေးယူလို့ရပါတယ်။ တတ်နိုင်သလောက်တော့ ခုနကတင်ပြတဲ့ထဲမှာ တည်ကော်တည်ဆောက်ရေးအဖွဲ့မှာလည်း ကျွန်တော်ကိုယ်၌ ကိုယ်ကလည်း ဗဟိုမှာဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာလည်း တည်ကော်ဆိုပြီးတော့ အဆင့်ဆင့်ဖွဲ့ထားပြီးတော့ ကျွန်တော်တို့ဌာနကနေပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်မှာရှိတဲ့ Chief Engineer ညွှန်ကြားရေးမှူးတွေကနေပြီးတော့ အတွင်းရေးမှူး အနေနဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆိုတော့ ဒီအချိန်မှာတော့ ကျွန်တော်တို့ချုပ်တဲ့အချိန်နဲ့ Tender တွေ စပြီးဆောင်ရွက်တဲ့အချိန်နဲ့ အခုကတော့ အရှိန်ကတော့သိပ်မရသေးပါဘူး။ မရသေးတဲ့အတွက် ကျွန်တော်တို့ဘက်ကတော့ ဒီလိုလမ်းညွှန်ထုတ်ထားတဲ့အတွက် ဒီအပေါ်မှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့က ဒီအပေါ်မှာတဖြည်းဖြည်းနဲ့ လမ်းညွှန်မှာပါတဲ့ဟာတွေ တကယ်မြေပြင်ပေါ်မှာပေါ့နော် အမှန်တကယ်ဖြစ်အောင် ကျွန်တော်တို့ဘက်ကလည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ခုနက မေးတဲ့ထဲမှာလည်းပါပါတယ်။ ခုနက Testing ကိစ္စတွေ။ ဒါနဲ့ပတ်သက်လို့လည်း မှန်ပါတယ်။ Cement ဆိုတာ Test လုပ်ဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တတ်နိုင်သလောက်ဒါလေးတွေလည်း အကူအညီပေးရပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာလည်း ဒေသအလိုက် ဖွံ့ဖြိုးမှုကလည်းမညီမျှပါဘူး။ ဒီလို Testing က တချို့မြို့ကြီးတွေလောက်ပဲရှိပါတယ်။ ဒီလိုဖြစ်တဲ့အခါမှာကျွန်တော်တို့စမ်းသပ်တဲ့ Slant လေးတွေကို ကျွန်တော်တို့ Sample လေးတွေယူထားပြီးတော့အနီးစပ်ဆုံး Test လုပ်နိုင်တဲ့နေရာလေးတွေမှာ သွားပြီး Test လုပ်ဖို့။ ဒါလေးတွေလည်း ကျွန်တော်တို့တဖြည်းဖြည်းနဲ့လမ်းညွှန်မှုပေးနေပါတယ်။ ကျွန်တော်တို့တင်ပြပါအတိုင်းပဲ။ ဒီ Company လေးတွေလည်း တဖြည်းဖြည်းအရည်အသွေးမြင့်လာဖို့လိုပါတယ်။ ဆောက်လုပ်ရေးလုပ်တော့မယ်ဆိုတဲ့အတိုင်းအခြေခံဆောက်လုပ်ရေး Fundamental လေးတွေ သူတို့သိဖို့လိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ဘယ်လိုစမ်းသပ်ရမလဲဆိုတာ သိဖို့လိုပါတယ်။ နောက်ပြီးတော့ သူတို့ပစ္စည်းပစ္စယစပြီးရွေးချယ်ကတည်းကိုက ဘယ်လိုစံချိန်စံညွှန်းလေးတွေနဲ့ရွေးရမယ်ဆိုတာ ဒါလေးတွေလည်းသိဖို့လိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုချိန်မှာတော့ လမ်းညွှန်ချက်ထုတ်တယ်။ တတ်နိုင်သလောက် ကျွန်တော်တို့ပညာလေးတွေပေးနေပါတယ်။ ရည်ရွယ်ချက်ကတော့ တစ်နေ့တော့ ကျွန်တော်တို့မြန်မာပြည်မှာ

ဆောက်တဲ့လုပ်ငန်းတွေအားလုံးကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ဖြစ်စေချင်တဲ့ စံချိန်စံညွှန်းနဲ့ညီတဲ့အဆောက်အဦတွေ၊ တာရှည်ခံတဲ့အဆောက်အဦတွေ။ ဆောက်တဲ့လူကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့အဆောက်အဦတွေ ဒါတွေဖြစ်အောင် ဌာနအနေနဲ့တော့ ဆက်လက်ပြီးတော့ ဒီအပေါ်မှာကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုတာလေး တင်ပြလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နမ္မတူမြို့နယ်ရှိ မိုင်းရင်ရွာနှင့် အီနိုင်းလမ်းခွဲ ၁၈ မိုင်မှ ၄ မိုင် ၆ ဖာလုံသာ ကတ္တရာလမ်းဖြစ်ပါ၍ ကျန်ရှိနေသော အမာခံလမ်း ၁၃ မိုင် ၂ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးကိုယ်စား လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမွန်း(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နမ္မတူမဲဆန္ဒနယ် ဒေါ်နန်းခမ်းအေးရဲ့ နမ္မတူမြို့နယ်ရှိ မိုင်းရင်ရွာနှင့် အီနိုင်းလမ်းခွဲ ၁၈ မိုင်မှ ၄ မိုင် ၆ ဖာလုံသာ ကတ္တရာလမ်းဖြစ်ပါ၍ ကျန်ရှိနေသော အမာခံလမ်း ၁၃ မိုင် ၂ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ကိုယ်စား ကျွန်တော် လဲချားမဲဆန္ဒနယ် ဦးစိုင်းမွန်းမှ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်ရှိ မိုင်းရင်ကျေးရွာအုပ်စု၊ ဝိန်းနန်ကျေးရွာအုပ်စု၊ မန်ဆာလုံ ကျေးရွာအုပ်စုနဲ့ ဖားဆောင်းကျေးရွာအုပ်စုတို့မှာ မြေသားလမ်းနဲ့သာ ဆက်သွယ်သွားလာနိုင်တဲ့ ကျေးရွာအုပ်စုတွေ ဖြစ်ကြပါတယ်။ မိုင်းရင်ရေလျောင်တမံတည်ရှိတဲ့ မိုင်းရင်ကျေးရွာမှာ နမ္မတူမြို့နဲ့ ၁၄ မိုင်သာကွာဝေးသော်လည်း မိုးတွင်းမှာ ဘယ်လိုမှသွားလာလို့ မရနိုင်တဲ့ ရွှံ့တောမြေသားလမ်းတွေ ဖြစ်ပါတယ်။ အဲဒီကျေးရွာအုပ်စုမှာရှိကြတဲ့ ဝန်ထမ်းတွေဟာ မိခင်ဌာနများရုံးစိုက်ရာဖြစ်တဲ့ နမ္မတူမြို့ကို အစည်းအဝေးသွားဖို့အတွက်လည်း များစွာအခက်အခဲရှိပါတယ်။ သွားမယ်ဆိုပါက မိုင်းရင်ကနေတစ်ဆင့် လားရှိုးမြို့နယ်မှာရှိတဲ့ အီနိုင်းလမ်းခွဲအထိ ၁၈ မိုင်၊ အဲဒီကနေပြီးတော့ ၃၂ မိုင်သွားမှသာ ကျွန်တော်တို့ နမ္မတူမြို့နယ်ကို ရောက်ရှိမှာဖြစ်ပါတယ်။ အဲဒီ မိုင်းရင်ကျေးရွာနှင့် အီနိုင်းလမ်းခွဲ ၁၈ မိုင် အမာခံလမ်းမှာလည်း ကျွန်တော်တို့ ၄ မိုင် ၆ ဖာလုံသာ

ကတ္တရာလမ်းအဖြစ်ပဲ ကျွန်တော်တို့ ဆောင်ရွက်ပြီးစီးထားတာရှိပါတယ်။ ကျန်ရှိတဲ့ ၁၃ မိုင်နဲ့ ၂ ဖာလုံ က မိုးရာသီမှာဆိုလို့ရှိရင် ဘယ်လိုမှ သွားလာလို့မလွယ်ကူတဲ့ ကျွန်တော်တို့ မြေကြီးလမ်းတွေဖြစ်ပါတယ်။ ကားများသွားလာလို့မလွယ်တဲ့အတွက် ဆိုင်ကယ်နဲ့ပဲ ခက်ခက်ခဲခဲသွားလာကြရတဲ့အနေအထားမျိုးရှိပါတယ်။ အဲဒီကျေးရွာအုပ်စုတွေဆိုလို့ရှိရင် ကျွန်တော်တို့ အဓိကကုန်ထုတ်စွမ်းအားစုဒေသတစ်ခုဖြစ်ပါတယ်။ အဲဒီကျေးရွာမှာ ကျေးရွာနဲ့ မြို့ပြတစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကို ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်တော့ အများကြီးအထောက်အကူပေးမှာဖြစ်ပါတယ်။ အဲဒါကြောင့် တစ်နှစ်ကို ၂ မိုင် လောက်နှုန်းနဲ့ လုပ်ပေးမယ့်အစား ကာလတိုအတွင်းမှာ အဲဒီလမ်းကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက် ပေးနိုင်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကျေးလက်တောရွာတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အများကြီး အထောက်အကူပေးမှာဖြစ်တဲ့အပြင် တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများအတွက်လည်း လွယ်ကူပြီးတော့ အဆင်ပြေချောမွေ့မှာဖြစ်သလို အဲဒီမှာရှိတဲ့ ကျေးရွာရဲ့ဖွံ့ဖြိုးတိုးတက်ရေးလည်း လျင်လျင်မြန်မြန်ဖွံ့ဖြိုးတိုးတက်နိုင်မှာဖြစ်တဲ့အတွက် အဲဒီကျန်ရှိနေတဲ့လမ်း ၁၃ မိုင် ၂ ဖာလုံကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတဲ့အကြောင်းကို သိရှိလိုပါတယ်ဆိုတဲ့အကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးမှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်ရှိ မိုင်းရင်ရွာနှင့် အီနိုင်းလမ်းခွဲဟာဆိုရင် ၁၈ မိုင်ရှိတဲ့ အမာခံလမ်းဖြစ်တဲ့အတွက် ၄ မိုင် ၆ ဖာလုံသာ ကတ္တရာလမ်းဖြစ်ပြီးတော့ မိုင်းရင်နှင့်အီနိုင်းလမ်းခွဲအထိ ကျန်ရှိနေတဲ့ အမာခံလမ်း ၁၃ မိုင် ၂ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ဆိုတဲ့ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်မှာရှိတဲ့ အီနိုင်း-မိုင်းရင်လမ်းဟာဆိုရင် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီးတော့ လားရှိုး-

မန်စံလမ်း မိုင်တိုင် ၉/၀ (အီနိုင်းရွာ)ကနေပြီးတော့ ခွဲထွက်ပြီးတော့ မိုင်းရင်ရွာအထိ လမ်းအရှည် ၁၈ မိုင်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဆိုရင် ပြည်နယ်ရန်ပုံငွေနဲ့ ကတ္တရာလမ်းခင်းခြင်း ၁ မိုင် ဆောင်ရွက်ခဲ့ပြီးတော့ ၃၁-၃-၂၀၁၇ ရက်နေ့မှာရှိတဲ့ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၄ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၆ မိုင် ၄ ဖာလုံနဲ့ မြေလမ်း ၂ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ကျန်ရှိတဲ့မြေသားလမ်း ၂ ဖာလုံကို ကျောက်ခင်းလမ်းအဖြစ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကိုလည်း ၂ မိုင်ဆက်လက်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်မှာဆိုရင် စုစုပေါင်း ၆ မိုင် ၆ ဖာလုံဟာဆိုရင် ကတ္တရာလမ်းအဆင့်သို့ ရောက်ရှိမှာဖြစ်ပြီး လမ်းမိုင်တစ်လျှောက် ရာသီမရွေးသွားလာနိုင်မှာ ဖြစ်ပါ တယ်။ ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်အောင်လည်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း များကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်မှာဆိုရင် ကတ္တရာလမ်းအဆင့်ဖြစ်ရန် ကျန်ရှိတဲ့ ၁၁ မိုင် ၂ ဖာလုံအား ကာလတိုငါးနှစ်စီမံချက်နဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မကုန်ခင် ကတ္တရာလမ်းအဆင့် အပြီးဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**နှစ်ကရင်ကျေးရွာအုပ်စုအတွက် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ပလိုင်ကီးကျေးရွာ အုပ်စု အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)တို့အား လာမည့်ဘဏ္ဍာရေးနှစ်များအတွင်း တည်ဆောက် ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းခိုင်(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ထွန်းခိုင် ဖြစ်ပါ တယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ မွန်ပြည်နယ်၊ ရေးမြို့နယ်မှာရှိတဲ့ နှစ်ကရင်ကျေးရွာအုပ်စု

ခုတင် ၁၆ လုံးတိုက်နယ်ဆေးရုံတစ်ရုံနှင့် ရေးမြို့နယ်မှာရှိတဲ့ ပလိုင်ကီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)တို့အား ပြည်ထောင်စုဘတ်ဂျက်မှ တည်ဆောက်နိုင်ခြင်းရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရေးမြို့နယ် နှစ်ကရင်ကျေးရွာအုပ်စုဟာ လူဦးရေသုံးသောင်းကျော်ရှိတဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုအချိုးမှာပေါ့လေ။ ၁၉၉၀း၁ ဖြစ်ပါတယ်။ ကျေးရွာပေါင်း ၁၈ ရွာရှိပြီးတော့ အိမ်ထောင်စုပေါင်း ၅၁၉၅ ရှိပါတယ်။ အဲဒီတော့ ဒီဧရိယာကြီးဟာ ကျွန်တော့်အနေနဲ့ လမိုင်းကတော့ တိုက်နယ်ဆေးရုံရှိပါတယ်။ အခုနက ဝန်ကြီးကိုလည်း ကျွန်တော်ရှင်းပြပြီးပါပြီ။ တိုက်နယ်ဆေးရုံနဲ့ ၉ မိုင်ပဲဝေးပါတယ်။ ရေးကတော့ ကျွန်တော်တို့ နှစ်ကရင်ကျေးရွာနဲ့ ၄၅ မိုင်လောက်ဝေးပါတယ်။ နှစ်ကရင်ကျေးရွာကို ကျွန်တော့်အနေနဲ့ ရွေးချယ်ရခြင်းမှာ နှစ်ကရင်ကျေးရွာအုပ်စုမှာရှိတဲ့ ကုလားကုတ်ကျွန်းပေါ့။ ကုလားကုတ်ရွာပါပဲ။ အဲဒီမှာ အလယ်ရွာ၊ အဲဒီရွာလေးတွေရှိတယ်။ ရွာကတော့ လူဦးရေ ၅၀၀၀ လောက်ရှိတဲ့အတွက် ဒီကုလားကုတ်မှာ အများသောအားဖြင့် တံငါလုပ်ငန်းပေါ့။ တပ်မတော်(ရေ)ကလည်း အမြဲတမ်းရှိပါတယ်။ အဲဒီဧရိယာတွေကိုစဉ်းစားပြီးတော့ နှစ်ကရင်မှာ တိုက်နယ်ဆေးရုံဆောက်ဖို့ပေါ့လေ။ ကျွန်တော်မေးကြည့်တယ်။ လူထုတွေကိုလည်းမေးကြည့်တော့ သင့်တော်ပါတယ်ပြောလို့။ အမှန်မှာကတော့ ကုလားကုတ်မှာ သတ်မှတ်စဉ်းစားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းရေးမှာ မြို့နယ်ဆရာဝန်လုပ်ခဲ့တော့ ကုလားကုတ်ဟာ အများသောအားဖြင့် ရေလမ်းက တော်တော်ကြမ်းတမ်းပါတယ်။ လှိုင်းကလည်းကြီးတယ်။ ကုလားကုတ်မှာ သူ့ Policy က လူဦးရေ ၅၀၀၀ လောက်ပဲရှိတဲ့အတွက် နှစ်ကရင်ကို ကျွန်တော့်အနေနဲ့ တိုက်နယ်ဆေးရုံဆောက်လုပ်ရန်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။

နောက်ပြီးတော့ ပလိုင်ကီးကျေးရွာအုပ်စုမှာ ကျေးရွာပေါင်းခြောက်ရွာရှိပါတယ်။ ရေးကနေ ၅ မိုင်ဝေးပြီးတော့ လမိုင်းတိုက်နယ်ဆေးရုံကျတော့ ၁၆ မိုင်လောက်ဝေးပါတယ်။ ပလိုင်ကီးကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲပေါ့။ Sub Center အနေနဲ့ ဆောက်လုပ်နိုင်ခြင်းရှိ/မရှိရယ်၊ နှစ်ကရင်ကျေးရွာအုပ်စုအနေနဲ့ ၁၆ ခုတင်ဆံ့ဆေးရုံကို လာမယ့် ပြည်ထောင်စုဘတ်ဂျက်မှာ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ဒီပထမအပိုင်းဖြစ်တဲ့ ရေးမြို့နယ် နှစ်ကရင်ကျေးရွာအုပ်စုမှာ ၁၆ ခုတင်ဆံ့ဆေးရုံဆောက်ဖို့ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ရေးမြို့နယ်မှာ လူဦးရေကတော့ တစ်သိန်းခွဲလောက်ရှိ ပါတယ်။ ခုတင် ၁၀၀ ဆံ့ဆေးရုံတစ်ရုံနှင့် တိုက်နယ်ဆေးရုံလေးရုံရှိပါတယ်။ စုစုပေါင်းဆေးရုံငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာနရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၇ ခု၊ မိခင်နှင့် ကလေးစောင့်ရှောက် ရေးဌာနနှစ်ခုနှင့် စုစုပေါင်းဝန်ထမ်း ၂၂၂ ဦးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဆရာဝန် အနေနဲ့ ၂၈ ဦး၊ သူနာပြု ၆၆ ဦး၊ ကျန်းမာရေးမှူးကိုးဦး၊ ကျန်းမာရေးဆရာဆရာမ ၁၀ ဦး၊ Mid Wife ၅၉ ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ် ၂၀ ဦးနှင့် အခြားဝန်ထမ်း ၃၈ ဦးနဲ့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအခြားမြို့နယ်များနှင့်စာလို့ရှိရင်တော့ အခြေအနေတော်တော်ကောင်း ပါတယ်ခင်ဗျား။

ဒီ နှစ်ကရင်ကျေးရွာအုပ်စုမှာ ကျွန်တော်တို့ကြည့်တဲ့အခါမှာ ကျေးလက်ကျန်းမာရေးဌာန တစ်ခုနဲ့ Sub Center ငါးခုရှိပါတယ်။ ဝန်ထမ်းတွေကတော့ ကျန်းမာရေးမှူးတစ်ဦး၊ Lady Health Visitor တစ်ဦး၊ သားဖွားဆရာမခုနစ်ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်တစ်ဦးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကိုပေးလျက်ရှိပါတယ်။ နှစ်ကရင်ကျေးရွာရဲ့ Location ကို ကျွန်တော်တို့ကြည့်တဲ့ အခါမှာ ခုတင် ၁၀၀ ဆံ့ ရေးမြို့ဆေးရုံနဲ့တော့ ၄၅ မိုင်ဝေးပြီး ၁ နာရီခွဲလောက်သွားရပါတယ်။ လမိုင်း တိုက်နယ်ဆေးရုံနဲ့ကတော့ ၉ မိုင်ပဲဝေးပါတယ်ခင်ဗျား။ ၂၀၁၆ ခုနှစ်မှာ နှစ်ကရင် Rural Health Center ကိုလာတဲ့ လူဦးရေက ပျမ်းမျှခြင်းအားဖြင့်ကတော့ တစ်ရက်ကို ၂၇ ဦးပဲရှိပါတယ်။ အထက် အဆင့်သို့ Referral လုပ်တဲ့ကိစ္စလည်း ၁၆ ဦးပဲရှိတာ တွေ့ရပါတယ်။ အဲဒီတော့ နှစ်ကရင်နဲ့ ဦးစား ပေးပြီးလုပ်ရမယ့် ကျေးလက်ကျန်းမာရေးဌာနတွေ အများကြီးရှိပါတယ်။ အဲဒီတော့ လတ်တလော အနေနဲ့ကတော့ ၁၆ ခုတင်ဆံ့ဆောက်ဖို့အစီအစဉ်မရှိသေးပါဘူး။ ဒါပေမဲ့ နောင် လိုအပ်တဲ့အခြေအနေ ပေါ်လေ။ ကျန်းမာရေးဌာနရဲ့ RHC ရဲ့ လုပ်ဆောင်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးတဲ့ လူနာများ များလာမှုအခြေအနေကိုတော့ ကျွန်တော်တို့ကြည့်မယ်။ ကြည့်ပြီးတော့လည်း ဒါလည်း ဦးစားပေးအစီအစဉ်နဲ့ပဲလုပ်မှာပါ။ ဒါထက်လိုတဲ့ ကရင်၊ ချင်း၊ နာဂတို့ ဒါတွေကတော့ ကျွန်တော်တို့ ဦးစားပေးပြီးလုပ်ရပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ဒီမွန်ပြည်နယ်က လမ်းပန်းဆက်သွယ်ရေး

ကတော့ အခြားပြည်နယ်နဲ့စာရင်တော့ တော်တော်လေးကောင်းပါတယ်။ သို့သော်လည်း ဒီ ရေးမြို့နယ်ရဲ့ ဆရာကြီးဦးအောင်ထွန်းခိုင် တင်ပြတဲ့အထဲမှာ ပိုမိုပြီးပိုပြင်အောင်တော့ ကျွန်တော့်နယ်က ပြည်သူ့ကျန်းမာရေးလုပ်ငန်းပိုပြီးလုပ်ဆောင်ရန် ဒီမှာ ကျန်းမာရေးကြီးကြပ်ခြောက်ဦး လစ်လပ်နေပါတယ်။ ကျွန်တော်တို့ ဒီလအတွင်းမှာပဲ ကျန်းမာရေးကြီးကြပ် ၃၀၀၀ ခန့်လိုက်ပါတယ်။ မွန်ပြည်အတွက်ကို ခွဲတမ်းက ၁၂၀ ရှိပါတယ်။ သင်တန်းလည်းပေးနေပါပြီ။ သင်တန်းပြီးတာနဲ့ ဒီနှစ်ကရင်ကျေးရွာမှာဆိုရင် ဦးစားပေးခန့်ဖို့ စီစဉ်ပေးပါမယ်ခင်ဗျား။

ထို့အပြင် ပြည်သူ့ကျန်းမာရေးပေါ့။ ဆေးရုံမပါဘဲနဲ့ ဆေးဝယ်ဖို့ကို ကျွန်တော်တို့က မွန်ပြည်နယ်ကို ၈၇.၈၂ သန်းပေးထားပါတယ်။ ဒီအထဲကလည်း ဒီဆေးတွေကို အခုနကပြောတဲ့ ဒီနှစ်ကရင်မှာဆိုလို့ရှိရင် ဆေးနှင့်ဆေးပစ္စည်းများကို ဦးစားပေးပြီးတော့ ဆောင်ရွက်ဖို့ ကျွန်တော်စီစဉ်ထားပါတယ်။ ထို့ပြင် ကျွန်တော့်အနေနဲ့ ပိုပြီးတော့ သေချာအောင်ဆိုပြီးတော့ ကျွန်တော်က ပြည်နယ်ဦးစီးမှူးကို မေးပါတယ်။ မေးတဲ့အခါမှာ ပြည်နယ်ဦးစီးမှူးကနေပြီးတော့ မြေယာပိုင်ဆိုင်မှုမှာလည်း ဆောင်ရွက်ထားမှုအားနည်းနေသေးတယ်။ ဆေးခန်းလာတဲ့လူဦးရေ ပျမ်းမျှ ၂၇ ဦးသာရှိသဖြင့် တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် မထောက်ခံပါကြောင်းဆိုပြီး ပြောကြားထားတဲ့အတွက် ကျွန်တော့်အနေနဲ့ အခု လတ်တလောတော့ မပေးသေးပါဘူးခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဖားဆောင်းမြို့နယ် ရှိ ၂၅ ခုတင်ဆံ့ ဆောက်လက်စ ဆေးရုံအဆောက်အဦအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ရာနှုန်းပြည့်ပြီးစီးအောင် ဆက်လက်ဆောက်လုပ်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်ရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ အရေးပါလှတဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူလူထုအား ထိရောက်လုံလောက်စွာပေးနိုင်ရန်

အတွက် ကျန်းမာရေးနှင့်ပတ်သက်သည့်မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဖားဆောင်းမြို့နယ်မှာဆိုရင် လူဦးရေ ၁၈၁၆၁ ဦးရှိပြီး မြို့ပေါ်နေလူဦးရေမှာ ၂၇၆၈ ဦးနှင့် ကျေးလက်နေလူဦးရေမှာ ၁၅၃၉၃ ဦး ရှိပါတယ်ရှင်။ ကုသရေး အနေဖြင့် ကျန်းမာရေးဌာနများမှာတော့ ၂၅ ခုတင်ဆံ့စံကိုက်ဆေးရုံတစ်ရုံ၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနနှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲရှစ်ခုနှင့် မိခင်နှင့်ကလေးကျန်းမာရေး ဌာနတစ်ခုတို့ရှိပါတယ်။ ဖားဆောင်းမြို့နယ်ရှိ ၂၅ ခုတင်ဆံ့စံကိုက်ဆေးရုံကိုတော့ ၁၉၆၄ ခုနှစ် ကတည်းက စတင်တည်ဆောက်ခဲ့ပြီး ယခုဆိုရင် နှစ်ပေါင်း ၄၃ နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ဟောင်းနွမ်းပျက်စီး၍ မျက်နှာကျက်အမိုးများမှာလည်း မိုးရာသီဆိုပါက မိုးများယို၍ လူနာများကို မိုးလွတ်ရာနေရာသို့ ပြောင်းရွှေ့ကုသနေရပါတယ်ရှင်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆေးရုံ အဆောက်အဦသစ်ဆောက်လုပ်ရန် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေချထားပေးခဲ့ရာ ၂၈-၁၂-၂၀၁၄ ရက် နေ့တွင် ဆေးရုံအဆောက်အဦစတင်ဆောက်လုပ်ခဲ့ပါတယ်။ အဆိုပါချထားရန်ပုံငွေမလုံလောက်မှု ကြောင့် အဆောက်အဦ၏ ၃၀ ရာခိုင်နှုန်းခန့်သာ ဆောက်လုပ်ပြီးစီးခဲ့ရပါတယ်။ ၎င်းနောက် ရန်ပုံငွေ ဆက်လက်ချထားခြင်းမရှိသဖြင့် ၁၅-၅-၂၀၁၅ ရက်နေ့မှစ၍ ဆောက်လုပ်ဆဲဆေးရုံအား လုပ်ငန်း ရပ်နားထားရပါတယ်။ ဆောက်လုပ်ပြီး ၃၀ ရာခိုင်နှုန်းမှာ ဆေးရုံအမျိုးသားဆောင်နှင့် ခာတ်မှန် ဆောင်သာပြီးစီးခဲ့ပါတယ်။ ဆက်လက်ဆောင်ရွက်ရန်မပြီးစီးသေးသော အဆောက်အဦဖြစ်တဲ့ ဆေးရုံ ပင်မဆောင်၊ ခွဲစိတ်ဆောင်၊ မီးဖွားဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့ကို ဆောက်လုပ်ရန် လိုအပ် ကြောင်းကိုလည်း ၂၉-၈-၂၀၁၅ ရက်နေ့တွင် ပြည်နယ်ကုသရေးဦးစီးဌာနသို့ တင်ပြခဲ့သော်လည်း ရန်ပုံငွေချထားခြင်းမရှိသေးသဖြင့် ၂၂-၇-၂၀၁၆ ရက်နေ့တွင် ဆေးရုံအသစ်ဆောက်လုပ်ရန် လိုအပ် ကြောင်း ပြည်နယ်ကုသရေးဦးစီးဌာနသို့ ထပ်မံတင်ပြခဲ့ပါတယ်။ ထို့အပြင် အဆိုပါဆေးရုံပင်မဆောင် အပါအဝင် မဖြစ်မနေလိုအပ်နေသေးသည့်အဆောင်များ ဆက်လက်ဆောက်လုပ်နိုင်ရန် ကယား ပြည်နယ်ကုသရေးစီးဦးဌာနသို့လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေချထားခွဲဝေပေး နိုင်ရန် ၂၇-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၀၄၆/၂၀၁၆ ကုသ(ဆလရ)ဖြင့် ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန နေပြည်တော်သို့လည်း တင်ပြထားပြီးဖြစ်ကြောင်းလည်း သိရှိခဲ့ရပါတယ်။ ထို့အပြင် ဖားဆောင်းမြို့နယ် ဆေးရုံအဆောက်အဦဟောင်းအား ဖျက်သိမ်းပြီးမှသာ ၎င်းနေရာတွင် ဆေးရုံအဆောက်အဦအသစ်ကို ဆောက်လုပ်ရမည်ဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်

ခွင့်ပြုရန်ပုံငွေချထားပေးပါက ဆေးရုံအဆောက်အဦဟောင်းအား ဖျက်သိမ်းခွင့်ပြုနိုင်ပါရန်လည်း အစီရင်ခံစာတင်ပြထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျွန်မ၏ မဲဆန္ဒနယ် ဒေသခံပြည်သူများ မျှော်လင့်နေသော အမှန်တကယ်လိုအပ်နေသေးတဲ့ ကျန်းမာရေး အဆောက်အဦများကို ဆက်လက်ဆောက်လုပ်နိုင်ရန် အဓိကဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးစေ လိုကြောင်းကိုလည်း တင်ပြလိုပါတယ်ရှင်။ သို့ဖြစ်ပါ၍ ကျွန်မမေးမြန်းလိုသည်မှာ ဖားဆောင်းမြို့ရှိ ၂၅ ခုတင်ဆံ့ စံကိုက်ဆေးရုံ ဆောက်လက်စအဆောက်အဦအား ရာနှုန်းပြည့်ပြီးစီးအောင် ဆောက်လုပ် နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ရန်ပုံငွေဖြင့်အပြီးဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်ခု တောင်းပန်ပါရစေ။ ကျွန်တော်ခုနက ဆရာကြီးဦးအောင်ထွန်းခိုင်မေးတဲ့ ဒုတိယပိုင်းကျန်သွားလို့ အဲ့ဒါလေးကို ကျွန်တော်ဖြေခွင့်ပေးပါ။ ဒုတိယအပိုင်းဖြစ်တဲ့ ပလိုင်းကီးကျေးရွာက တောင်ဘုံ ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပါတယ်။ ဒီတောင်ဘုံကျေးလက်ကျန်းမားရေးဌာနနဲ့တော့ ကိုးမိုင်ဝေးပါတယ်။ ဒူးယားတိုက်နယ်ဆေးရုံနဲ့တော့ ငါးမိုင်ဝေးပါတယ်ခင်ဗျား။ မိုးရာသီမှာလမ်းများ ပျက်စီး၍ သွားလာရေးလည်းတော်တော်ခက်ခဲပါတယ်။ ဒီပလိုင်းကီးကျေးရွာမှာ ကျေးလက်ကျန်းမာ ရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရမယ်ဆိုရင်တော့ ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၄၈၇ အိမ်နဲ့ လူဦးရေ ၂၆၃၈ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပိုမိုလွှမ်းခြုံပေးနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေ မှာတော့ ပလိုင်းကီးကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဖွဲ့စည်းပုံရရှိခြင်းတော့မရှိသေးပါဘူး။ ဒီရင်း ကျေးရွာအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ဖို့အတွက်ကတော့ တောင်ဘုံ ကျေးလက်ကျန်းမာရေးဌာနက သားဖွားဆရာမတစ်ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် တွဲဖက်တာဝန်ချထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ သူနာပြု၊ သားဖွားဆရာမတစ်ဦး၊ ကြီးကြပ်(၂)တစ်ဦး စုစုပေါင်းကျန်းမာရေးဝန်ထမ်းနှစ်ဦးဖြင့် ပါဝင် သောကျေးလက်ကျန်းမာရေးဌာနခွဲ၏ ဖွဲ့စည်းခွင့်အမိန့်ရရှိဖို့အတွက်ကို ဆောင်ရွက်သွားမှာဖြစ်ပါ

တယ်။ ဖွဲ့စည်းမိန့်ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ၇၃ သန်းအကုန်ခံပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှာစပြီးတော့ ထည့်သွင်းဖို့ ဦးစားပေးအစီအစဉ်အနေနဲ့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစား စွာဖြင့်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ဖြေကြားခွင့်ပေးပါ။ ကယားပြည်နယ်၊ ဖားဆောင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ၏ မေးခွန်းကိုဖြေကြားမှာ ဖြစ်ပါတယ်။ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ် ဆေးရုံဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်မှာ စီမံကိန်းခန့်မှန်းတန်ဖိုး သန်း ၄၅၀ နဲ့ လူနာဆောင်တစ်ဆောင် အဆောက်အဦရဲ့ ၃၀ ရာခိုင်နှုန်း ခန့်၊ ရှေ့မျက်နှာစာ၊ အုတ်ခြံစည်းရိုး၊ သံကူကွန်ကရစ်အစရှိဖြင့် မြေအောက်ရေလှောင်ကန်ထဲကို ဆောက်လုပ်ပြီးပါတယ်။ စုစုပေါင်းကတော့ ၄၄ ရာခိုင်နှုန်း ပြီးစီးခဲ့ပါတယ်။ ဒီ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ဆေးရုံပင်မဆောင်၊ ခွဲစိတ်ဆောင်၊ မွေးဖွားဆောင်၊ အမျိုးသမီးလူနာ ဆောင်များ ဆက်ဆောက်ဖို့တော့ လုံးဝလိုအပ်နေပါတယ်။ ဒီလို လိုအပ်တဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာခွင့်ပြုသန်း ၁၀၀ ရပါတယ်။ သို့သော်လည်း ဒီကိစ္စကို ကျွန်တော် ပြန်ပြီးလေ့လာတဲ့ အခါမှာ ဒီသန်း ၁၀၀ ကိစ္စဟာ ၂၀၁၆ ခုနှစ် မေလထဲကနေပြီးတော့ စာသွားစာလာတွေနဲ့ လုပ်နေပါ တယ်။ ဒီဘက်က ကုသရေးဦးစီးဌာနကနေ ပြည်နယ်အစိုးရ၊ ပြည်နယ်အစိုးရကနေပြန်ရေး။ အဲဒီဟာက နောက်ဆုံး ဖော်ဖော်ဝါရီ ၂၈ ကျမှ ကျွန်တော်တို့က ခွင့်ပြုတဲ့သဘော ဖြစ်သွားပါတယ်။ ဒီကြားထဲမှာ ပြန်ကြည့်တဲ့အခါမှာလည်း ပိုက်ဆံကိုခေါင်းပြောင်းတယ်။ အထွေထွေရန်ပုံငွေထည့်တယ်၊ ထုတ်တယ်။ ဒါတွေကို ကျွန်တော်သိတယ်။ ဒါကတော့ တကယ့် တကယ်တော့မဖြစ်သင့်ပါဘူး။ ဘာဖြစ်လို့ ဒီလိုဖြစ်ရ သလဲလို့ ပြန်သုံးသပ်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ထမ်းတွေက အပြောင်းအလဲတွေရှိပါတယ်။ ကျွန်တော်တို့ ဗဟိုမှာလုပ်နေတာ။ ဆရာဝန်တွေက လုပ်နေတဲ့အခါကျတော့ ဒီဘတ်ဂျက်ကိစ္စတွေက နည်းနည်းလေးအခက်အခဲရှိတော့ ကျွန်တော်တို့က အခုဘာလုပ်မလဲ စဉ်းစားထားတာ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို တင်ပြချင်တာ က Flow Chart တွေ စတင်လုပ်ပါမယ်။ ကျွန်တော် စဉ်းစားနေတာ။ Flow Chart က ကျွန်တော်တို့ လွှတ်တော်မှာဖြေသွားတဲ့ Question တွေကို တိုးပေး မယ်၊ မတိုးပေးဘူး။ ဆောက်မယ်၊ မဆောက်ဘူး။ ဒါတွေကိုလုပ်တဲ့အခါမှာ Flow Chart ရှိမှ ကျွန်တော်တို့။ နောက်မို့လို့ရှိရင် ဒီကိစ္စမှာ အများကြီး ကြန့်ကြာသွားပါတယ်။ အမှန်က ဒီသန်း ၁၀၀ ကို ကျွန်တော်တို့ သုံးရမယ်။ အခု တစ်လပဲကျန်တော့ တယ်။ ဒီသန်း ၁၀၀ ကိုသုံးလို့မရဘူးဖြစ်နေပါတယ်။ ဒါ ကျွန်တော်တို့ဘက်ကလည်း Weakness ဆိုတာ ရှိတာပေါ့။ အဲဒီတော့ ကျွန်တော် Weakness

တွေကို Cover လုပ်ပါ့တော့ Flow Chart တွေကို အကုန်လုပ်ပါမယ်။ ဘယ်ကိစ္စ၊ ဘယ်ကိစ္စ ဒါဆို ကျွန်တော်တို့ လျင်မြန်သွားပါမယ်။ သို့သော်လည်း ဒီကိစ္စမှာတော့ ကျွန်တော်တို့က နောက်ထပ် Regulation ၄၅၀ သတ်မှတ်ထားတဲ့အတွက် ၂၀၁၇-၂၀၁၈ မှာ ကျွန်တော်တို့ ထည့်ထားပြီးပါပြီ။ သန်း ၂၅၀ တောင်းခံပြီးလုပ်ငန်းများကို ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ထို့အပြင် ဆေးရုံအဆောက်အဦဟောင်းအား ဖျက်သိမ်းခွင့်ကိုလည်း ကျွန်တော်တို့ပေးမှာပါ။ ၂၀၁၇-၂၀၁၈ မှာ ပိုက်ဆံရတာနဲ့ ဖျက်ပြီးတစ်ခါတည်းရိုက်ဖို့ ကျွန်တော်တို့ အမြန်ဆုံးလုပ်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသောရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ၇-၃-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၃-၃-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်က တင်သွင်းသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၂၃-၂-၂၀၁၇ ရက်နေ့)တွင်တင်သွင်းတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၂၁ ဦးရှိပါတယ်။ ပထမဦးစွာ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပျဉ်းမနားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် တင်သွင်းတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမယ့်လုပ်ငန်းလမ်းညွှန်များ ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးကြပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဒီလုပ်ငန်းလမ်းညွှန်မှုဟာ UNOPS အကူအညီဖြင့်လည်းကောင်း၊ World Bank က ကျွမ်းကျင်ပညာရှင်များနှင့် ၉-၁-၂၀၁၄ ရက်နေ့ကနေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းပြုလုပ်ခဲ့တဲ့ အလုပ်ရုံ

ဆွေးနွေးပွဲများကနေပေါ်ပေါက်လာတဲ့ အဆင့်မီညွှန်ကြားချက်ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းညွှန်ကြားချက်များအတိုင်း လိုက်နာကျင့်သုံးဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၈-၇-၂၀၁၆ ရက်နေ့မှာ သဘောထားမှတ်ချက်ရရှိပြီးတော့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ နိုင်ငံတော်သမ္မတရုံးက ခွင့်ပြုချက်ရရှိတဲ့အတွက် ၆-၉-၂၀၁၆ ရက်နေ့ကစပြီး အထက်ဖော်ပြပါဒေသများအားလုံးမှာ လိုက်နာကျင့်သုံးရန် ဖြန့်ဝေခဲ့ကြောင်း အဆိုရှင်က တိတိကျကျဖော်ပြထားပါတယ်ရှင်။

အချိန်အတိုင်းအတာအရ တင်ဒါများပါဝင်တဲ့အချက်အလက်များကို အသေးစိတ်မရှင်းလင်းတော့ပါဘူး။ ဒီနေရာမှာ ယခု တင်ပြထားတဲ့ တင်ဒါလမ်းညွှန်မှုဟာ ပြီးပြည့်စုံအောင်မရှိသေးကြောင်းနှင့် ဥပဒေတစ်ရပ်မထွက်သေးခင်မှာ တင်ဒါလမ်းညွှန်မှုကို တတ်နိုင်သလောက်ထိန်းပေးထားရန်ဖြစ်ပါတယ်လို့ အဆိုရှင်က ပြောထားပါတယ်။ လုပ်ငန်းလမ်းညွှန်ရဲ့ရည်ရွယ်ချက်ကတော့ ဆောက်လုပ်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစာချုပ်ရာမှာ လိုက်နာကျင့်သုံးရမယ့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ဖို့ ဝန်ကြီးဌာနအသီးသီးရဲ့ မူဝါဒများကိုအခြေခံပြီး တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရန် ဖြစ်ပါတယ်။ ရည်မှန်းချက်များကတော့ အဆင့်အတန်းမြင့်မားတဲ့လုပ်ငန်းဆိုင်ရာ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများဖြစ်မြောက်စေရေး၊ တည်ဆောက်မှုဆိုင်ရာစီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်လာစေရေးတို့ဖြစ်ပါတယ်။ မှန်ကန်တဲ့ကုန်ကျစရိတ်ဖြစ်စေရေး၊ အရည်အသွေးပြည့်ဝစေရေး၊ မလိုလားအပ်တဲ့ မသမာမှုများမှကာကွယ်ရေး၊ ပွင့်လင်းမြင်သာမှုတိုးတက်စေရေး၊ ကြိုးကြပ်မှု၊ စစ်ဆေးမှုများသေချာစွာဆောင်ရွက်နိုင်ရေး၊ အရည်အသွေးမပြည့်မီတဲ့ပစ္စည်းပေးသွင်းတဲ့သူနဲ့ ကုမ္ပဏီများကို လုပ်ငန်းလုပ်ဆောင်ခွင့်မပေးရေးတို့ ပါရှိပါတယ်။ လုပ်ငန်းခေါင်းစဉ်တစ်ခုချင်းရဲ့ ဆောင်ရန်၊ ရှောင်ရန်၊ အပြစ်ပေးမှုကိုလည်း ပါရှိပါတယ်။ အထက်ပါအချက်အလက်များအတိုင်း အသုံးမချဘဲ ယခုထိ ကန်ထရိုက်လုပ်ငန်းဆောင်ရွက်ရာမှာ တင်ဒါခေါ်ယူတဲ့စနစ်များ လိုက်နာကျင့်သုံးရမယ့်အချက်များ၊ တင်ဒါစိစစ်ရွေးချယ်ခြင်း စတဲ့လုပ်ငန်းများမှာ အမျိုးမျိုးကွဲပြားနေတာကို တွေ့ရပါတယ်။ ဒါကြောင့် တစ်နှစ်အတွင်းမှာ ပျက်စီးသွားတဲ့လမ်းတွေ၊ တံတားတွေ၊ အဆောက်အဦတွေကလည်း မြို့နယ်တိုင်းနီးပါး တွေ့နေရပါတယ်။ တာဝန်ခံမှု၊ တာဝန်ယူမှုမရှိဘဲ အဂတိလိုက်စားမှုကို ပြောင်ပြောင်တင်းတင်း ဥပဒေဘောင်အပြင်ဘက်က ပြုလုပ်ဆောင်ရွက်နေတာတွေ တွေ့ရတဲ့အတွက် ပြည်သူ့ဘဏ္ဍာငွေများ များစွာဆုံးရှုံးခဲ့ရပါတယ်။ အရင်အစိုးရကလည်း ဒီလိုပဲ၊ အခု အစိုးရသစ်ကလည်း ဒီလိုပါပဲလို့ ပြည်သူများက မပြောရလေအောင် အဆင့်မီပညာရှင်

များနဲ့ပူးပေါင်းပြီး ပေါ်ပေါက်လာတဲ့ ဒီလုပ်ငန်းလမ်းညွှန်မှုတစ်ခုကို လိုက်နာကျင့်သုံးရမှာဖြစ်ပါတော့တယ်။

သို့သော်လည်း အထက်ပါကိစ္စများအတွက် ဥပဒေ၊ နည်းဥပဒေတွေမရှိသေးတဲ့အတွက် လုပ်ငန်းတည်ဆောက်ရေးမှာ အထိန်းအကွပ်အားနည်းပြီး ပြဿနာပေါ်ပေါက်လာပါက ချောမွေ့စွာ ဖြေရှင်းနိုင်ရန် ဆောလျင်စွာဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အကြံပြုတင်ပြအပ်ပါတယ်။ ယခုအချိန်မှာ ဥပဒေ၊ နည်းဥပဒေများမရှိသေးတဲ့အတွက် Myanmar National Building Code ကို လိုက်နာကြဖို့ကိုလည်း ၁၆-၁၁-၂၀၁၇ ရက်နေ့က ပြည်သူ့လွှတ်တော်မှာပဲ ဆောက်လုပ်ရေးဝန်ကြီးက ပြောသွားတာကြားရပါတယ်။

ကျွန်မအနေနဲ့ နောက်ထပ်တစ်ခုအကြံပြုချင်တာကတော့ တစ်ဖက်က အထက်ဖော်ပြထားတဲ့ လမ်းညွှန်မှုကိုအသုံးပြုရင်း တစ်ဖက်မှာ အရည်အသွေးစစ်ဖို့အတွက် တစ်နိုင်ငံလုံး လုံလောက်စွာသုံးစွဲနိုင်တဲ့ အဆင့်မီအရည်အသွေးမှန်တဲ့ Testing Equipment Suppliers များလိုအပ်ပါတယ်။ အရည်အသွေးမီတဲ့ Technical Lab များလည်း တစ်နိုင်ငံလုံးမှာ ထားရှိရပါမယ်။ အရည်အသွေးမီတဲ့ Testing Equipment များနှင့်အတူ ဒီပစ္စည်းများသုံးသပ်တဲ့အင်ဂျင်နီယာများလည်း တစ်နိုင်ငံလုံး အတိုင်းအတာအတွက် လုံလောက်မှုရှိဖို့လိုအပ်ပါတယ်။ သုံးသပ်တဲ့အင်ဂျင်နီယာများဖြစ်ပေါ်လာအောင် Job Training များ ဖန်တီးပေးရမှာဖြစ်ပါတယ်။ Testing ပစ္စည်းတွေ မှာယူရာမှာ Package Training တစ်ခါတည်းပါအောင် ဆောင်ရွက်ဖို့ တိုက်တွန်းပါတယ်။ မရှိမဖြစ်လိုအပ်တာ နောက်တစ်ခုကတော့ အစိုးရဘက်ကလည်းမဟုတ်၊ ကန်ထရိုက်ဘက်ကလည်းမဟုတ်တဲ့ သမာသမတ်ရှိတဲ့၊ အဆင့်အတန်းမီတဲ့ တတိယအဖွဲ့အစည်း Third Party အတိုင်ပင်ခံအဖွဲ့အစည်းကို အခကြေးငွေပေးပြီး စစ်ဆေးမှု ဆောလျင်စွာထူထောင်နိုင်ဖို့ ကြိုးစားရပါမယ်။ အဲဒီ Third Party အတွက် ဥပဒေလည်းရှိရပါမယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အစပျိုးထားတာဖြစ်တဲ့အတွက်လည်း ဝမ်းမြောက်မိပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရရင် အရည်အသွေးမီတဲ့လမ်း၊ တံတား၊ အဆောက်အဦရရှိရေး၊ အဂတိကင်းရှင်းရေး၊ သမာသမတ်ရရှိရေးတို့ ရရှိရန်အတွက် ဦးသန်းစိုးအောင်ရဲ့အဆိုကို ထောက်ခံအကြံပြုလိုက်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ် ဦးစောသလေးစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်

အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ကြွရောက်ကြတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရွှေကျင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပြီးတော့မှ ဦးသန်းစိုးအောင် ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအဆောက်အဦများဟာ များစွာအရေးပါတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကျွန်တော်တို့ လို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပိုလို့တောင်လိုအပ်တယ်ဆိုတာ လွှတ်တော်ထဲမှာ နေ့စဉ်နှင့်အမျှ မေးမြန်းတဲ့ မေးခွန်းတွေ၊ အဆိုတွေက သက်သေပဲဖြစ်ပါတယ်။ နိုင်ငံတော်အပိုင်းအနေနဲ့လည်း ရရှိတဲ့ဘဏ္ဍာအခွန် ငွေများ၊ ပြည်ပအကူအညီချေးငွေများနှင့် ဝန်ကြီးဌာနအလိုက် နှစ်စဉ်ဘတ်ဂျက်များရေးဆွဲပြီး နိုင်ငံ အဝန်းလိုအပ်ချက်များကို တတ်နိုင်သမျှခွဲဝေသုံးစွဲပေးလျက်ရှိတာပဲဖြစ်ပါတယ်။ ဒီလိုသုံးစွဲရာမှာ ဦးစီးဌာနများရဲ့အစီအစဉ်နဲ့ ကြီးကြပ်လုပ်ဆောင်တဲ့လုပ်ငန်းများရှိသလို ကုမ္ပဏီများကို ကန်ထရိုက် စနစ်နှင့် လုပ်ဆောင်စေတာဟာလည်းရှိပါတယ်။ အဲဒီအခါမှာ ဘယ်လိုလုပ်ငန်းပမာဏအမျိုးအစားကို ဦးစီးဌာနကတာဝန်ယူလုပ်ကိုင်ပြီး ဘယ်လိုပမာဏအမျိုးအစားကိုတော့ ကန်ထရိုက်စနစ်နဲ့လုပ်ဆောင်မယ်ဆိုတာအပြင် ကန်ထရိုက်ပေးရာမှာ ဘယ်လိုစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ခွင့်ပြုမယ်ဆိုတဲ့ အချက်များကိုလည်း ရှင်းရှင်းလင်းလင်းသတ်မှတ်ထားဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာတော့ Procurement Law ဆိုပြီးတော့မှ လုပ်ငန်းတိုင်းအတွက်ဖြစ်စေ၊ ဝန်ကြီးဌာနအလိုက်ဖြစ်စေ ရေးဆွဲပြဋ္ဌာန်းထားတာကို လေ့လာသိရှိရပါတယ်။ ရည်ရွယ်ချက်ကတော့ အထက်ကတင်ပြခဲ့တဲ့အတိုင်း ကန်ထရိုက်စနစ်နှင့်လုပ်ငန်းချပေးရာမှာ တိကျတဲ့ စံသတ်မှတ်ချက်၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာစေဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဒီလိုဥပဒေမျိုးမရှိသေးပါဘူးခင်ဗျား။ မြန်မာစကားပုံမှာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုတဲ့ စကားပုံရှိသလိုပဲ ဘဏ္ဍာငွေတွေဘယ်လောက်များများသုံးစွဲနေပါစေ ကန်သင်းနဲ့တူတဲ့ စည်းမျဉ်းစည်းကမ်းနှင့်အညီ မလုပ်ဆောင်နိုင်ရင် အိတ်ပေါက်နှင့် ဖားကောက်သလိုပဲဖြစ်နေမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲဖို့ ကန်ထရိုက်ချပေးထားရာမှာ အဆိုရှင်တင်ပြခဲ့တဲ့ လုပ်ငန်းလမ်းညွှန်ဟာ များစွာအရေးပါပါတယ်။ ခိုင်မာတဲ့ဥပဒေတစ်ရပ်ကို သက်ဆိုင်ရာဌာနများက ရေးဆွဲနေပြီဆိုသော်ငြားလည်းပဲ ဒီဥပဒေမထွက်မီမှာ ဒီကန်ထရိုက်လုပ်ငန်းတွေကို ထိန်းကျောင်းဖို့အတွက် လုပ်ငန်းလမ်းညွှန်ဟာ များစွာအရေးပါလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ဒီလုပ်ငန်းလမ်းညွှန်ဟာ ဝန်ကြီးဌာနပေါင်းစုံပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲကနေတစ်ဆင့် သမ္မတရုံးခွင့်ပြုချက်နှင့် ၆-၉-၂၀၁၆ ရက်နေ့ကတည်းက ဝန်ကြီးဌာနအားလုံး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအားလုံးသို့ လိုက်နာရန်ဖြန့်ဝေထားပြီးဖြစ်ကြောင်း အဆိုရှင်က တင်ပြထားပါတယ်ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ(ဃ)မှာ ပြည်ထောင်စုဝန်ကြီးသည် မိမိတာဝန်ယူရသော ဝန်ကြီးဌာနနှင့် စပ်လျဉ်း၍ အောက်ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များရှိသည်။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စွာ ဆောင်ရွက်ခြင်းရှိ/မရှိစိစစ်၍ကြီးကြပ်ဖို့လိုကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော့်မြို့နယ်မှာ လုပ်ငန်းလုပ်ဆောင်နေတဲ့ ဦးစီးအရာရှိတစ်ဦးနှင့် လုပ်ငန်းကိစ္စပြောကြားရာမှာ လုပ်ငန်းလမ်းညွှန်ထဲမှာ ကျပ် ၁၀ သန်းအထက်လုပ်ငန်းဆိုလို့ရှိရင် တင်ဒါခေါ်ပြီး ကန်ထရိုက်ပေးရမယ်လို့ ကျွန်တော်ကဆွေးနွေးတယ်။ ယခု ၁၀ သန်းအထက်ကျော်နေတဲ့လုပ်ငန်းဖြစ်တဲ့အတွက် လိုက်နာမှုမရှိဘူးလို့ပြောတဲ့အခါမှာ လုပ်ငန်းလမ်းညွှန်နဲ့ပတ်သက်ပြီးတော့မှ သိရှိခြင်းမရှိဘူး။ အထက်ကဘာမှညွှန်ကြားခြင်းမရှိဘူးလို့သာ ကျွန်တော့်ကို ပြန်ပြောတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကြံပြုလိုတာက ယခု အဆိုကို ဆွေးနွေးအတည်ပြုပြီးတော့မှ ဝန်ကြီးဌာနများမှ အောက်ခြေအထိ တိတိကျကျလိုက်နာစေဖို့ညွှန်ကြားသင့်ပါတယ်ခင်ဗျား။ တင်ဒါဖွင့်ပြီး လုပ်ငန်းကန်ထရိုက်ပေးတယ်ဆိုတာ ပြည်သူ့ဘဏ္ဍာငွေတွေကို ယုံမှတ်အပ်နှံခြင်းခံရတဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနများကတစ်ဆင့် ကုမ္ပဏီအဖွဲ့အစည်းများကို ပြန်လည်အပ်နှံလုပ်ကိုင်စေခြင်းဖြစ်ပါတယ်။ အမျိုးများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၃ နှင့် ပုဒ်မ ၄ မှာ အမျိုးများနှင့်သက်ဆိုင်သော ပစ္စည်းဆိုသည်မှာ ပြည်သူသို့ဆိုင်ရာယုံမှတ်အပ်နှံမှုအဖွဲ့တစ်ခုခု သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုပိုင်ဆိုင်သည့် သို့မဟုတ် အသုံးပြုရန်လွှဲပြောင်းပေးထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့်ငွေ၊ သိုလှောင်ပစ္စည်းအသုံးအဆောင်ကို သို့မဟုတ် အခြားပစ္စည်းတစ်ရပ်ရပ်ကို ဆိုလိုသည်လို့ ပြောထားတာရှိပါတယ်။ သူ့ ဥပဒေပုဒ်မ ၃ မှာပဲ မည်သူကိုမဆို အမျိုးများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားမှု သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ၁၀ နှစ်အောက်မနည်းသည့်ထောင်ဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံမည့်အပြင် ငွေဒဏ်လည်း စီရင်ခြင်းခံရမည်ဆိုပြီးတော့မှ ဒီအမျိုးများနှင့်သက်ဆိုင်တဲ့ ပစ္စည်းဥပဒေပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါ ကျွန်တော်တို့ ကုမ္ပဏီက ကန်ထရိုက်ပေးပြီး အသုံးပြုနေတယ်ဆိုတဲ့ငွေတွေဟာ ပြည်သူ့ဘဏ္ဍာငွေတွေဖြစ်တဲ့ဆိုတဲ့အခါမှာ ဒီအပေါ်မှာ အလွဲသုံးစားပြုတယ်ဆို

လို့ရှိရင် စာချုပ်ထဲမှာမထည့်ချုပ်ထားသော်ငြားလည်းပဲ ပြစ်မှုတစ်ခုဟာ ပဋိညာဉ်တစ်ခုပြုပြီးမှ သာလျှင် ဒီကိစ္စကို ခိုးမှုကို မကျူးလွန်ပါဘူးခင်ဗျားလို့ ပဋိညာဉ်ပြုထားမှ ခိုးမှုကျူးလွန်ခဲ့တယ်ဆိုလို့ ရှိရင် ကျွန်တော်တို့က အရေးယူရမှာမဟုတ်ဘဲနဲ့ သူကျူးလွန်တဲ့ပြစ်ဒဏ်အတိုင်းကို ကျွန်တော်တို့ အရေးယူဆောင်ရွက်ရမှာဖြစ်တယ်ဆိုတာ ဒါဥပဒေသဘောတရားဖြစ်ပါတယ်ခင်ဗျား။

ဒီနေရာမှာ စဉ်းစားစရာအချက်နှစ်ချက်ရှိပါတယ်။ တင်ဒါအောင်မြင်ထားပြီး လုပ်ငန်း လုပ်ဆောင်တဲ့ကုမ္ပဏီများအနေနဲ့ ပြည်သူ့ဘဏ္ဍာငွေအသုံးပြုလုပ်ဆောင်တဲ့လုပ်ငန်းမှာ အလွဲသုံးစား ပြုတယ်ဆိုတာ ဘယ်လိုကိစ္စမျိုးကိုပြောတာလဲဆိုတာကို ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုဖို့လိုအပ်လာပါ တယ်ခင်ဗျား။ ဒီတော့ ဘယ်လိုကိစ္စမျိုးတွေမှာ အလွဲသုံးစားမှုပြုသလဲဆိုတာကို ခန့်မှန်းစိစစ်တိုင်းတာ နိုင်ဖို့အတွက်ကို အဆိုရှင်ကတင်ပြထားတဲ့ လုပ်ငန်းလမ်းညွှန်နဲ့ယှဉ်တွဲစိစစ်ပြီးတော့မှ အလွဲသုံးစား ပြုတယ်၊ မပြုဘူးဆိုတာကို ကျွန်တော်တို့က ပြန်လည်ပြီးစိစစ်နိုင်မှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းလမ်းညွှန် ကိုအတည်ပြုပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနတွေကနေ အောက်ခြေအဆင့်အထိ ညွှန်ပြပေးဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က ဒီလိုပြစ်မှုကျူးလွန်တယ်၊ ဒီလို အလွဲသုံးစားမှုပြုတယ်ဆိုရင် ဘယ်သူတွေက အရေးယူမှာလဲ။ ဘယ်သူတွေက တရားလိုလုပ်ပြီး တရားစွဲမှာလဲဆိုတဲ့ပြဿနာရှိပါ တယ်။ ဒါက သက်ဆိုင်ရာတင်ဒါချပေးတဲ့ဌာနကနေပြီးတော့ တရားလိုလုပ်ပြီးစွဲဆိုရမယ့်ကိစ္စဖြစ်ပါ တယ်။ ဒီလို ပြစ်မှုကျူးလွန်တာတွေ့တာနဲ့ ကျွန်တော်တို့ အရေးယူဆောင်ရွက်ခြင်းမရှိဘူးဆိုလို့ရှိရင် ဥပဒေသဘောအရ ပြောမယ်ဆိုလို့ရှိရင် အားပေးကူညီရာရောက်ပါတယ်။ အားပေးကူညီတယ်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ဦးတစ်ယောက်သောသူအား အားပေးကူညီခြင်းကြောင့် ထိုသို့အားပေး ကူညီခြင်းခံရသော ပြုလုပ်မှုတစ်ရပ်ဖြစ်မြောက်ခဲ့ရာတွင် အဲဒီလို အားပေးကူညီခဲ့တယ်ဆိုလို့ရှိရင် ဒီလူက နဂိုပုဂ္ဂိုလ် ခုနက ပြစ်မှုကျူးလွန်တဲ့ပုဂ္ဂိုလ်ကိုအားပေးကူညီတယ်ဆိုလို့ရှိရင် ပြစ်မှုကျူးလွန်တဲ့ ပုဂ္ဂိုလ်ခံစားရတဲ့ ပြစ်ဒဏ်အတိုင်းချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဦးသန်းစိုးအောင်ရဲ့ အဆိုကို ကျွန်တော်လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါ

တယ်။ ပျဉ်းမနားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က ကန်ထရိုက်လမ်းညွှန်စာအုပ်ပါအတိုင်း သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းအသီးသီးက လိုက်နာဆောင်ရွက်ပေးဖို့ကို အဆိုတင်သွင်းထားတာဖြစ်ပါတယ်။ အဲဒီ တော့ ဒီအဆိုဟာ အခုလွှတ်တော်ထဲမှာ ဆွေးနွေးတာဟာ အင်မတန်မှ သင့်လျော်ကောင်းမွန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၂၀၁၇-၂၀၁၈ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာဥပဒေမူကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်ကြီးက အတည်ပြု စိစစ်ပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်းမှာ ဒီလုပ်ငန်းတွေကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အသီးသီးဟာ ကဏ္ဍအသီးသီးမှာ အကောင်အထည်ဖော်ရတော့ မှာဖြစ်တဲ့အတွက် ဒီနေ့ ဆွေးနွေးတဲ့ဆွေးနွေးချက်များဟာ များစွာအကျိုးရှိ သက်ရောက်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီတော့ ဒီကန်ထရိုက်လမ်းညွှန်စာအုပ်ထဲမှာ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေဟာ အင်မတန်မှ ကောင်းမွန်သင့်မြတ်ပါတယ်။ ဈေးနှုန်းပြိုင်ဆိုင်မှုကိုဖြစ်စေပြီးတော့ ကုန်ကျစရိတ် သက်သာတဲ့၊ မှန်ကန်တဲ့ပစ္စည်းများ ဝယ်ယူရရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ တစ်ခါထပ်ပြီးတော့ အဂတိတရားတွေ၊ မသမာမှုတွေကို ကာကွယ်တိုက်ဖျက်နိုင်ရေးဆိုတဲ့ ရည်မှန်း ချက်တွေ ချထားတာဖြစ်တဲ့အတွက် အင်မတန်မှကောင်းမွန်ပါတယ်။ သို့ပေမဲ့ တကယ်လက်တွေ့ မြေပြင်ပေါ်မှာလုပ်ဆောင်နေတာကတော့ ဒီလမ်းညွှန်စာအုပ်နဲ့ လုံးဝကွဲလွဲနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝယ်ယူရေးနဲ့ပတ်သက်တဲ့ တင်ဒါတစ်ခုကို ကျွန်တော်ဥပမာပေးပြီးတော့ ဆွေးနွေး သွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ရောဝတီ တိုင်းဒေသကြီးမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ရေအရင်းအမြစ်နှင့် မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ ၂၅-၁-၂၀၁၇ ရက်နေ့က တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပြီးတော့ လုပ်ငန်းများလုပ်ဆောင်တာဖြစ်ပါတယ်။ ဒါကတော့ လုပ်ငန်းအမည်တွေနဲ့ နောက်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၆၀၀၀ ကျော်နဲ့ လုပ်ငန်းသုံးပစ္စည်းအရေအတွက်အမျိုးအစားများ ဖြစ်ပါတယ်။ ဒါကတော့ စည်းမျဉ်းစည်းကမ်းတွေကို ၂၃ ချက်နဲ့သတ်မှတ်ထားတဲ့အထဲက ကျွန်တော် ကောက်နုတ်တင်ပြထားတာဖြစ်ပါတယ်။ ဒါကတော့ ဘယ်လိုမှမဖြစ်နိုင်တဲ့ လုပ်ငန်းရှင်တစ်ဦးတည်း ကပဲ ပစ္စည်းအမျိုးအစားအားလုံးကို အမြင့်ဆုံးဈေးနှုန်းတွေနဲ့ချည်းပဲ အောင်မြင်သွားတဲ့စာရင်းဇယား ဖြစ်ပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းအားလုံးတွေထဲက လွှတ်တော်ကိုယ်စားလှယ်ကြီးများ အကြမ်းဖျင်း သိနားလည်နိုင်တဲ့ပစ္စည်းလေးမျိုးနဲ့ ကျွန်တော်ဥပမာပေးတင်ပြသွားမှာဖြစ်ပါတယ်။ အပေါ်က ပေပါခွံ စာရင်း ဖြစ်ပါတယ်။ ပေပါခွံတစ်လုံးဟာ လုပ်ငန်းခွင်အရောက်ကို ကျပ် ၁၅၀၀၀ လောက် အမြင့်ဆုံး

ရှိနေတဲ့အချိန်မှာ ဒီမှာပျမ်းမျှဈေးနှုန်းက ကျပ် ၂၅၀၀၀ လောက်ဖြစ်နေပါတယ်။ အလုံးရေ ၆၀၀၀ ကျော်ဖြစ်တဲ့အတွက် သိန်းပေါင်း ဘယ်လောက်ကွာဟတယ်ဆိုတာ ကျွန်တော်တို့ ခန့်မှန်းလို့ရပါတယ်။ နောက်တစ်ခါ ပီနံအိတ်ဈေးနှုန်းဖြစ်ပါတယ်။ ပီနံအိတ်သည် ၈၀ ဂရမ်အထူတစ်လုံးကို လုပ်ငန်းခွင် အရောက်ကို ၁၅၀ ကျပ်လောက်နဲ့ပို့ပေးလို့ရတဲ့အခြေအနေမှာ ဒီမှာအောင်မြင်သွားတဲ့ဈေးနှုန်းဟာ ၃၈၀ ကျပ်ဖြစ်နေပါတယ်။ အဲဒီတော့ ထန်ကုန် ၂၀၀ ကျပ်လောက်ပဲထားဦး ၁၈၀ လောက်ပိုနေတဲ့ အခါမှာ ပီနံအိတ်တစ်လုံးကို ၂၀၀ ကျပ်အရင်းမှာ ၁၈၀ ကျပ်ပိုနေတာ ဘာမှပြောလို့မဖြစ်နိုင်ဘူး ဆိုပေမယ့် အိတ်ပေါင်း ၁၁ သိန်းကျော်ဖြစ်တဲ့ အခါကျတော့ သိန်းပေါင်း ၄၀၀၀ ကျော် ဖြစ်နေပါတယ်။ ဒီပီနံအိတ်ကိုသာ စိစစ်နိုင်မယ်ဆိုရင် သိန်းပေါင်း ၂၀၀၀ ကျော်ဟာ နိုင်ငံဘဏ္ဍာငွေတွေအဖြစ်ရှိနေမှာ ဖြစ်ပါတယ်။ ဒါကတော့ ဘိလပ်မြေဈေးနှုန်းဖြစ်ပါတယ်။ ညောင်တုန်းမြို့နယ်မှာ ပြီးခဲ့တဲ့ ၁၂-၁၁-၂၀၁၆ ရက်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဆောင် ပြီးတော့ ဒီအယ်လ်ဖာဘိလပ်မြေကို ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အိတ်တစ်သောင်းကျော်ကို တင်ဒါခေါ်ယူတဲ့အခါမှာ ကျပ် ၅၀၀၀ တောင်မှ မပြည့်တဲ့ဈေးနှုန်းနဲ့ တင်ဒါအောင်မြင်ခဲ့ပါတယ်။ အခု ဌာနဆိုင်ရာများ ဦးစီးဦးဆောင် ဆောင်ရွက်ပြီးတော့ တင်ဒါဆွဲတဲ့အခါမှာ ပျမ်းမျှဈေးနှုန်းက ၇၄၆၅ ကျပ် ဖြစ်နေတယ်။ ဒါ ကိုယ်စားလှယ်ဦးဆောင်ပြီးဆွဲတဲ့တင်ဒါနဲ့ ဌာနဆိုင်ရာဆွဲတဲ့တင်ဒါနဲ့ ကျွန်တော် နှိုင်းယှဉ်ပြခြင်းဖြစ်ပါ တယ်။ ဒါကတော့ သဲစာရင်းဖြစ်ပါတယ်။ အဲဒီတော့ မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း တွေဟာ မြစ်အတွင်းမှာ ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဧရာဝတီမြစ်နဲ့ ဝဝန်မြစ်ဟာ တစ်ဘက်ကမ်းပြိုရင် တစ်ဘက်မှာသောင်တွေထွန်းပါတယ်။ ကျွန်တော်တို့ ဗိုလ်မြတ်ထွန်းတံတားကို ဖြတ်သန်းပြီးသွားလိုက်တာနဲ့အမျှ ဒီဘက်ကမ်းမှာ သောင်ကြီးဖြစ်ပြီးတော့ ဟိုဘက်ကမ်းမှာ ကမ်းပြို နေပါတယ်။ အဲဒီကမ်းပြိုတဲ့နေရာကို ကမ်းထိန်းလုပ်တဲ့လုပ်ငန်းနေရာမှာ ဒီသဲဟာ တစ်ကျင်းကို ၂၃၀၀၀ ကျပ်ကျော်ဖြစ်ပါတယ်။ စက်လှေသမားတွေကို ကြည့်လိုက်တဲ့အခါမှာ တစ်ကျင်းကို ၅၀၀၀ ကျပ်နှုန်းလောက်နဲ့ အရောက်ပို့ပေးနိုင်တယ်လို့ ပြောတဲ့ အတွက် ဒီသဲလုပ်ငန်းတစ်ခုတည်းကိုသာ ကြပ်မတ်ပြီးတော့ စိစစ်နိုင်မယ်ဆိုရင် ကျပ်သိန်းပေါင်း ၃၀၀၀ ကျော်ဟာ နိုင်ငံဘဏ္ဍာငွေတွေအဖြစ် ရှိနေမှာဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတင်လား မဟုတ်ပါဘူး။ ကျွန်တော့်မြို့နယ်မှာ ၂၆-၁၀-၂၀၁၆ ရက်နေ့ မှာ တံတားတင်ဒါနဲ့ပတ်သက်လို့ဆွဲတဲ့အခါမှာ ဒီတင်ဒါဆွဲတဲ့သူတွေဟာ ဘယ်လိုမှမမျှော်မှန်းနိုင် လောက်အောင်ကို အမြင့်ဆုံးဈေးနှုန်းတွေကို တစ်ကျပ်မှမကွာဘဲနဲ့ ဆွဲသွားနိုင်တာတွေ့ရပါတယ်။

ဒါကြောင့်မို့လို့ တင်ဒါဆွဲတဲ့သူနဲ့ ဌာနဆိုင်ရာများရဲ့ကြားထဲမှာ ဘယ်လောက်တောင်ချိတ်ဆက်မှုရှိနေလဲဆိုတာကို ကျွန်တော်တို့ အံ့သြဖွယ်ရာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကိုယ်စားလှယ်များဟာ ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အများကလေးစားတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ တစ်ခါထပ်ပြီးတော့ ဒီဒေသဆိုင်ရာစီမံကိန်းလုပ်ငန်းတွေကိုသော်လည်းကောင်း၊ အုပ်ချုပ်ရေးပိုင်းရော၊ တခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်၍သော်လည်းကောင်း အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ အလေးထားတိုင်ပင်အပ်တဲ့ပုဂ္ဂိုလ်တွေလို့ဆိုထားပေမဲ့ ကျွန်တော်တို့ဟာ သူတို့လုပ်တဲ့လုပ်ရပ်တွေအပေါ်မှာ အသိသက်သေလုပ်ပေးရုံ၊ လက်မှတ်ထိုးပေးရုံဖြစ်နေတဲ့အတွက် ဒီတင်ဒါလုပ်ငန်းတွေကို အဆိုရှင်ပြောတဲ့အတိုင်း အပြည့်အဝအတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့အခုလို ဆွေးနွေးတဲ့အခါ ကောင်းပါတယ်။ ကြားရပြီးပြီ။ ဒါဟာ ဒီအဆိုပေါ်လာလို့ ကြားလိုက်ရတာ။ ကျွန်တော်အမြဲပြောတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေမှာ တာဝန်ရှိတယ်။ ဖော်ထုတ်ရမယ်။ အဲဒီလိုဖြစ်တဲ့အခါတုန်းက အဲဒီလိုဖြစ်တဲ့ဟာမှာ အခုနက ပြောပါတယ်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ လို့ပြောပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့တို့၊ နိုင်ငံတော်သမ္မတတို့၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ကို ဒီလိုအချက်အလက်မှန်မှန်ကန်ကန်နဲ့ ဘာလို့မတင်ကြလဲ။ ဘာလို့မတိုင်ကြလဲ။ ကျွန်တော်တို့မှာ Check and Balance ဆိုတာ ဒါကိုပြောတာ။ တချို့က ကျွန်တော်က အဲဒီလိုပြောရင် Check and Balance သဘောပြောလို့ရှိရင် တချို့ကသဘောမပေါက်ဘဲနဲ့ အုပ်ချုပ်ရေးပိုင်းကို ဝင်ရောက်စွက်ဖက်မှုမလုပ်ဖို့ ပြောတယ်ဆိုပြီးတော့ ကျွန်တော့်ကိုပြောတယ်။ Check and Balance လုပ်တာနဲ့ ဝင်ရောက်စွက်ဖက်တာနဲ့ မတူဘူး။ အင်မတန် ဒါကပါးပါးနပ်နပ်ရှိတယ်။ ကျွန်တော်တို့ ဒီမှာ လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၆၂ မှာ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ စီမံကိန်းတွေမှာ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့နဲ့၊ အာဏာပိုင်ပုဂ္ဂိုလ်နဲ့ ပူးပေါင်းဆောင်ရွက်နိုင်တယ်။ အလေးထားတိုင်ပင်အပ်တယ်။ ဒါတွေပေးထားတယ်။ ကျွန်တော်ပြောချင်တာက ပေါ်လာလို့၊ မပေါ်လာရင် ဘယ်လိုပြောမလဲ။ ဒီအဆိုပေါ်လာလို့ ကျွန်တော်တို့ကိုယ်စားလှယ်တွေမှာ Check and Balance သဘောနဲ့ ဝင်ရောက်စွက်ဖက်တာနဲ့ မတူဘူး။ အခုဟာမျိုးက Check and Balance လုပ်တယ်။ ဟိုမှာတွေ့တုန်းကလည်း ကျွန်တော်တို့က ဝင်ရောက်စွက်ဖက်တာမျိုးမဟုတ်ဘဲနဲ့ ဒီလိုအချက်အလက်အထောက်အထားနဲ့၊ ဒီလို Data တွေနဲ့ အခုနက ညောင်တုန်းကိစ္စလည်းပြောပါတယ်။ ဓနုဖြူကိစ္စလည်းပြောပါတယ်။ လေးမျက်နှာကိုယ်စားလှယ်က စသည်ဖြင့် ကျန်

ကိုယ့်မဲဆန္ဒနယ်မှာရှိတဲ့ ကိုယ်စားလှယ်တွေက အဲဒါတွေကို မသိတော့၊ မမြင်တော့၊ မကြားတော့ဘူး လား။ ကောင်းပြီ။ သိပြီ၊ မြင်ပြီ၊ ကြားပြီ ဘာဖြစ်လို့ငြိမ်နေတာလဲ။ အဲဒီလိုသာ တစ်ဦးချင်းတစ်ဦးချင်းက ငြိမ်နေမယ်ဆိုရင် ကျွန်တော်တို့ရွေ့ချင်တဲ့အရွေ့ကိုရောက်မှာမဟုတ်ဘူး။ ဆွေးနွေးတာကောင်းပါ တယ်။ အခုဆွေးနွေးသလိုပဲ ကျွန်တော် အခုပြောပြီးပြီ။ သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေကို ဝန်ကြီးဌာန ကအစ အထောက်အထားနဲ့ တိုင်စရာရှိတိုင်။ ကိုယ်စားလှယ်ကဆွေးနွေးတယ်ဆိုရင် ခိုင်လုံတဲ့ အထောက်အထားကိုယ့်ဆီမှာရှိရမယ်။ ဒီအချက်အလက်မှန်ကန်ကြောင်း ကိုယ်ပြနိုင်ရမယ်။ အဲဒီလို ဆိုရင်တိုင်။ မတိုင်နဲ့လို့ ကျွန်တော်တို့ တစ်ခါမှမပိတ်ဘူး။ အဲဒီတော့ အခုဒီဆွေးနွေးချက်အပေါ်မှာ ကျန်တဲ့ကိုယ်စားလှယ်တွေလည်း တာဝန်ရှိတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူကမဲပေးထားတာ။ ဒီလောက်ကွာဟတယ်ဆိုလို့ရှိရင်၊ ဒီလိုဖြစ်နေတယ်ဆိုရင် ကိုယ်စားလှယ် တွေလည်း တာဝန်မကင်းဘူးနော်။ ပြည်သူမဲပေးထားတာ။ ပွင့်ပွင့်လင်းလင်းပြောမယ်။ အဆိုပေါ် တော့မှသာ ဝိုင်းပြီးတော့ လူ ၂၀၊ ၂၅၊ ၃၀ ပြောကြမယ်။ ကိုယ့်အလုပ်ကိုယ်ကျတော့ အဲဒီလိုဟာမျိုးကို ထဲထဲဝင်ဝင်ထိထိရောက်ရောက် တစ်ခုမှပေါ်မလာဘူး။ ကိုယ့်တာဝန်လည်း ကိုယ်ကျေအောင်လုပ်ကြ။ ကိုယ်ကအဲဒီလို Check and Balance နဲ့ Parliamentary Oversight လုပ်နိုင်မှ။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်စားလှယ်တွေခန့်ထားတယ်။ ဝန်ကြီးဌာနအနေနဲ့ပဲဖြစ်ဖြစ်၊ အစိုးရအနေနဲ့ပဲဖြစ်ဖြစ် တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံး၊ မြို့နယ်အားလုံး ၃၀၀ ကျော်၊ ကျေးရွာပေါင်း ၆၀၀၀၀ ကျော် ဘယ်သူမှထောင့်စေ့အောင် အကြားအမြင်ရမနေဘူး။ မသိဘူး။ အဲဒါကြောင့်မို့လို့ ကိုယ်စားလှယ်တွေ ရွေးတာ ကိုယ့်မဲဆန္ဒနယ်နဲ့ကိုယ်တာဝန်ရှိလို့။ တာဝန်ရှိလို့ရွေးထားတော့ ကြိုးကြပ်ရမယ်။ တည့်မတ် ရမယ်။ ကျွန်တော်အမြဲပြောတယ်။ Parliamentary Oversight လုပ်ရမယ်။ အဲဒါနောက် ကျွန်တော်တို့ကိုယ်စားလှယ်တွေ လွှတ်တော်တက်တဲ့အချိန်မှာပဲဖြစ်ဖြစ်၊ လွှတ်တော်နားတဲ့အချိန်မှာပဲ ဖြစ်ဖြစ်။ လွှတ်တော်တက်လည်း ကိုယ့်လူတွေရှိနေတာပဲ၊ ဖုန်းတွေဒီလောက်ပေါ်နေတာပဲ အခြေအနေ တစ်ခုခုဖြစ်ရင် လှမ်းတောင်း၊ အချက်အလက်ပို့ခိုင်း၊ အီးမေးပို့ခိုင်း၊ မေးခွန်းမေးစရာရှိမေးမယ်။ အဆိုတင်စရာ ရှိတင်မယ်။ မလုပ်နဲ့လို့ မပြောဘူးနော် လုပ်ကြပါ။ ကျွန်တော်တို့က လုပ်စေချင်တာ။ ပွင့်ပွင့်လင်းလင်း ပြောတာ။ တကယ်လို့သာ ဒီအဆိုတင်မလာရင် ဒီတိုင်းပဲ။ ဘာမှတောင် ဆွေးနွေးတဲ့ ဆီရောက်မှာ မဟုတ်ဘူး။ ဒီတိုင်းပဲသွားမှာပဲ။ ကိုယ်စားလှယ်တွေမှာ တာဝန်ရှိပါတယ်။ ကိုယ်စားလှယ် ရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်ကို ကျေညက်အောင်လုပ်ပါ။ ကိုယ်စားလှယ်တွေကို ရပိုင်ခွင့်နဲ့ အခွင့်အရေး လည်းပေးထားတယ်။ ကိုယ်စားလှယ်တွေက ရပိုင်ခွင့်နဲ့အခွင့်အရေးကိုယူမယ်ဆိုရင် ကိုယ့်ရဲ့

လုပ်ပိုင်ခွင့်နဲ့ တာဝန်ကိုလည်း ကျေညက်အောင်လုပ်ဖို့တော့လိုတယ်။ ဒါဟာဥပဒေရဲ့ပြဋ္ဌာန်းချက်ပဲ။ ဒါကြောင့် ဒါကိုတော့ အားလုံးလေးစားလိုက်နာပေးပါ။

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးမယ့် စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့အဆိုထဲမှာပါဝင်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ ရေးဆွဲထုတ်ပြန်ထားသည်ဆိုသော လုပ်ငန်းလမ်းညွှန်ဟာ မြန်မာနိုင်ငံရဲ့ Tender Paractice အား ပိုမိုပြည့်စုံကောင်းမွန်စေရန် World Bank မှ ကျွမ်းကျင်ပညာရှင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများစုပေါင်းပြီးတော့ အလုပ်ရုံဆွေးနွေးပွဲများကျင်းပကာ တိတိကျကျရေးဆွဲထားကြောင်း သိရှိရပါတယ်။ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်အဖြစ် နိုင်ငံတော်သမ္မတရုံးမှလည်း ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့ဆန္ဒ၊ လုပ်ငန်းလမ်းညွှန်ရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကိုကြည့်မယ်ဆိုရင် အဆင့်အတန်းမြင့်မားတဲ့ လုပ်ငန်းသုံးဆိုင်ရာ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ဖြစ်မြောက်စေရေးအတွက် အဓိကကျသော မှန်ကန်သော ကုန်ကျစရိတ်ဖြစ်စေရန်၊ အရည်အသွေးပြည့်ဝစေရန်၊ မလိုလားအပ်သော မသမာမှုများမှကာကွယ်ရန်နှင့် တည်ဆောက်မှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်ရေးဖြစ်တာကို တွေ့ရပါတယ်။ ဒါကြောင့် ဥပဒေ၊ နည်းဥပဒေများ မပြဋ္ဌာန်းနိုင်သေးခင်မှာ ဒီလိုနိုင်ငံတကာပညာရှင်များနှင့် ပြည်တွင်းတတ်သိပညာရှင်များ စုပေါင်းရေးဆွဲထားတဲ့ စံစနစ်သဘောတူညီမှုများပါဝင်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်ကို လိုက်နာဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အစိုးရလုပ်ငန်းဆိုင်ရာ တင်ဒါခေါ်ယူခြင်း၊ တင်ဒါကြေညာရာတွင် ပါဝင်ရမည့်အချက်များ၊ တင်ဒါအာမခံကြေးပေးသွင်းခြင်း၊ ကန်ထရိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူသည့်စနစ်များ၊ တင်ဒါခေါ်ယူရာတွင် လိုက်နာကျင့်သုံးရမည့်အချက်များ၊ တင်ဒါစိစစ်ရွေးချယ်ခြင်းစတဲ့ လုပ်ငန်းတွေမှာ မူအမျိုးမျိုး ကွဲပြားနေကြတာကို တွေ့မြင်ရပါတယ်။ ယခင်ကဆိုလျှင် တာဝန်ရှိသူများနှင့်ပူးပေါင်းပြီးတော့ လူနည်းစုကသာ လုပ်ပိုင်ခွင့်ရရှိနေခြင်း၊ ကုမ္ပဏီအများစုမှာ တန်းတူအခွင့်

အရေးမရကြခြင်း၊ အခြားလူအမည် ကုမ္ပဏီအမည်ခံပြီးတော့ ၎င်းဌာနများမှ ဦးစီးအရာရှိများကပဲ နောက်ကွယ်ကနေပြီးတော့ တင်ဒါယူလုပ်ကိုင်နေကြခြင်း၊ အလုပ်အကိုင်ရှားပါးမှုကြောင့် အမြတ်ပေးပြီးတော့ တစ်ဆင့်ပြန်လုပ်ငန်းယူနေရတဲ့အတွက် လုပ်ငန်းလမ်းညွှန်ရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ မှန်ကန်သောကုန်ကျစရိတ်ဖြစ်ရန်မှာ အလွန်အလှမ်းဝေးနေခဲ့ရပါတယ်။ ကန်ထရိုက်လုပ်ငန်းများရဲ့ အရည်အသွေးပြည့်မီမှုရှိ/မရှိစစ်ဆေးရာမှာလည်း အကျိုးစီးပွားတစ်ခုတည်းဖြစ်နေခြင်း၊ ညှိနှိုင်းဆောင်ရွက်နေခြင်းများကြောင့် တာဝန်ယူ၊ တာဝန်ခံခြင်းများကို မေ့လျော့ကာ ငွေနဲ့သိက္ခာချိန်ရာမှာ ငွေကအလေးသာနေသဖြင့် အရည်အသွေးပြည့်ဝစေရန်ဆိုသော အချက်မှာလည်း လွန်စွာအားနည်းနေခဲ့ရပါတယ်။ နောက်ကျဒဏ်ကြေးပေးဆောင်ခြင်းနဲ့ အပြစ်ပေးအရေးယူခြင်းမှာလည်း တိတိကျကျမရှိဘဲနဲ့ နီးစပ်သူများကို အပြစ်ပေးအရေးယူမှုမရှိသော်လည်း တခြားကုမ္ပဏီများ၊ လူပုဂ္ဂိုလ်ချင်းမရင်းနှီး၊ အဆင်မပြေသူများဆိုရင် ကြီးလေးသောအပြစ်များပေးခြင်း၊ အပြစ်ရှာကာ လက်ကျန်ငွေထုတ်ပေးရန် အချိန်ဆွဲခြင်း စတဲ့ အဂတိနွယ်သော မသမာမှုများကို ရင်ဆိုင်နေရမှုများရှိနေကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လုပ်ငန်းလမ်းညွှန်ထဲမှာပါတဲ့ လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee ထုတ်ပေးသော်လည်း တည်ဆောက်သည့်ကုမ္ပဏီဟာ တည်ဆောက်သည့်လုပ်ငန်းရဲ့ တည်တံ့ခိုင်မြဲမှုကို မလွန်ဆန်နိုင်သောဖြစ်ရပ်မှလွဲ၍ အနည်းဆုံးနှစ်နှစ်ပြည့်တဲ့အထိ တာဝန်ရှိနေပြီဖြစ်သည်ဆိုတဲ့အချက်ကို အထူးပြုထောက်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့တစ်နိုင်ငံလုံးမှာ နိုင်ငံတော်ဘတ်ဂျက်နှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ လမ်း၊ တံတားနှင့် အဆောက်အဦတွေဟာ စံချိန်မမီ၊ အရည်အသွေးမပြည့်တဲ့အတွက် လပိုင်းအတွင်းမှာပဲ ပျက်စီးယိုယွင်းနေခဲ့တာတွေကို မြင်တွေ့ခဲ့ကြ ရပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ် စဉ့်ကိုင်မြို့နယ်မှာဆိုရင်လည်း ကတ္တရာလမ်းခင်းပြီးတော့ လပိုင်း အတွင်းမှာ ပေါက်ပြဲပျက်စီးလာတာတွေ အဲဒီလိုစံချိန်စံညွှန်းမမီတာတွေကို ဖုံးဖိဖို့အတွက် နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေများ တောင်းခံပြီးတော့ ထပ်ပိုးကတ္တရာခင်းခြင်းများသာ ထပ်တလဲလဲ လုပ်ဆောင်နေခဲ့တာကို ယခင်လက်ထက်တွေမှာ အမြဲတမ်းတွေ့နေခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျေးလက်လမ်းများဆိုလျှင်လည်း မြေကျောက်လမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်း အဆင့်တိုးမြှင့်နိုင်ရမယ့်အစား ခင်းပြီးတော့မြေကျောက်လမ်းတွေဟာ လပိုင်းအတွင်းမှာပျက်စီးကုန်တဲ့အတွက် ထပ်တလဲလဲမြေဖို့ခင်းခြင်းတွေသာ ပြုလုပ်နေရပါတယ်။ မြေကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်ကို မရောက်နိုင်ပေမဲ့ စံချိန်စံညွှန်းမမီတဲ့ ကတ္တရာလမ်းများ

ကတော့ မြေလမ်းဘဝကို ပြန်ရောက်သွားတာကို မြို့နယ်တိုင်းမှာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒီလို ထပ်တလဲလဲ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျေးလက်မြေကျောက်လမ်းတွေ ကျောက်အထပ်ထပ်ခင်း နေရခြင်းတို့ကြောင့် ကျွန်မတို့နိုင်ငံရဲ့ လမ်းတွေဟာဆိုရင် တစ်နှစ်ထပ်တစ်နှစ်မြင့်မားလာပြီးတော့ လမ်းဘေးဝဲ/ယာအိမ်များ ခြံစည်းရိုးများကတော့ မြေမြုပ်မတတ်နိမ့်လာတာကိုလည်း တွေ့ကြရမှာပါ။ မြို့ပေါ်တွေမှာဆိုရင် လမ်းမြင့်တက်လာမှုကြောင့်မို့လို့ ဓာတ်တိုင်တွေနိမ့်သွားတယ်။ ဓာတ်အားလိုင်းကြိုးတွေဟာ မြေပြင်နဲ့ တဖြည်းဖြည်းနီးကပ်လာတာတွေကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ တင်ဒါအောင်ကုမ္ပဏီများအနေဖြင့် ပြီးမြောက်မှု Guarantee သာမက သတ်မှတ်နှစ်အထိ တည်တံ့ခိုင်မြဲမှု Guarantee ပေးနိုင်ရပါမယ်။ Guarantee ကာလအတွင်း ပျက်စီးခဲ့မယ်ဆိုလျှင် လည်း ပြုပြင်ပေးရုံသာမက ဒဏ်ကြေးအဖြစ်ပေးဆောင်ရမယ့်ပမာဏတွေကို စာချုပ်တွေမှာ ထည့်သွင်းချုပ်ဆိုသင့်ပါတယ်။ဒ့ါအပြင် မှန်ကန်သောကုန်ကျစရိတ်ဖြစ်စေရန်အတွက်လည်း Estimate တန်ဖိုးများ ပြင်ပပေါက်ဈေးထက်ပိုမိုများပြားမှုတွေမရှိစေရန်၊ ကျွမ်းကျင်မှုဆိုင်ရာခွင့်ပြုချက်ပေးသူ များအနေဖြင့် အဆင့်အလိုက်တာဝန်ခံမှုရှိရပါမယ်။

ဥက္ကဋ္ဌကြီးရှင့်။ လုပ်ဆောင်သောကုမ္ပဏီနှင့် ဌာနဆိုင်ရာများမှ အင်ဂျင်နီယာများဟာ ပညာရှင် များဖြစ်ကြတာနှင့်အညီ မိမိပညာရပ်အပေါ်မှာသစ္စာမဖောက်ဘဲ Fundamental of Ethic for Engineers၊ အင်ဂျင်နီယာများ လိုက်နာရမည့် အခြေခံကျင့်ဝတ္တရားများကို လိုက်နာဆောင်ရွက်မယ် ဆိုရင် ကျွန်မတို့နိုင်ငံမှာ စေတနာ၊ ပညာ၊ သိက္ခာဖြင့်တည်ဆောက်သော လမ်း၊ တံတား၊ အဆောက်အဦ များ ပေါ်ပေါက်လာမှာမလွဲပါဘူးရှင်။ နိဂုံးချုပ်အနေဖြင့် ပြည်သူ့ဘဏ္ဍာများအလေအလွင့်မဖြစ်ရ အောင် စေတနာ၊ ပညာ၊ သိက္ခာတို့ဖြင့် ဆောင်ရွက်ကြပါစို့လို့တိုက်တွန်းရင်း ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးအောင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မမဲဆန္ဒနယ်

နယ်မြေမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ပကတိမြေပြင်အနေအထားဟာ ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်မှုများနှင့် ကွဲလွဲမှုများရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၆-၉-၂၀၁၆ ရက်နေ့မှစတင်၍ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ရဲ့ ရည်မှန်းချက်များကို ထုတ်ပြန်ခဲ့ပါတယ်။ ရည်မှန်းချက် (က)ဖြစ်တဲ့ အဆင့်အတန်းမြင့်မားသော လုပ်ငန်းသုံးဆိုင်ရာတင်ဒါခေါ်ယူခြင်းလုပ်ငန်းများဖြစ်မြောက်စေရေးမှာ ပါဝင်တဲ့ မှန်ကန်သောကုန်ကျစရိတ်ဖြစ်မြောက်စေရန်ဆိုတဲ့ နေရာမှာ ဆီးသီးဗန်ကျွမ်းပြန်နေအောင် မှောက်ကျခြင်း၊ အလုပ်အကိုင်ရှားပါးမှုကြောင့် အမြတ်ပေးပြီး တစ်ဆင့်ပြန်ပြီးလုပ်ငန်းယူရသောကြောင့် စရိတ်ပိုမိုကုန်ကျခြင်းများဖြစ်ပေါ်နေကြပါတယ်။ အရည်အသွေးပြည့်ဝစေရန်ဆိုရာမှာလည်း လုပ်ငန်းလုပ်နေစဉ် ရှေ့ကလုပ် နောက်ကပျက်နေခြင်း၊ လုပ်ငန်းအပြီး တစ်နှစ်လောက်မှာ မူလအတိုင်း ပြန်လည်ပျက်စီးသွားခြင်းများ ဖြစ်နေပါတယ်။ မလိုလားအပ်သော မသမာမှုများ ကာကွယ်ရန်ဆိုရာမှာလည်း ပွင့်လင်းမြင်သာမှုအားနည်းပြီး လက်သင့်ရာစားတော် ခေါ်နေခြင်းများ ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရည်မှန်းချက်အပိုင်း(ခ)မှာ တည်ဆောက်မှုဆိုင်ရာစီးပွားရေးလုပ်ငန်းများကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်ရေးဆိုရာမှာလည်း တစ်ဦးတစ်ယောက်တစ်ဖွဲ့၊ လူနည်းစုသာကောင်းစားနေပြီး ဒေသခံပြည်သူများမှာတော့ အရည်အသွေးမပြည့်မီတဲ့ တည်ဆောက်မှုများကိုသာ ရရှိခံစားနေရပါတယ်။ ရည်မှန်းချက်များအောင်မြင်စေရန်အတွက် တိကျသေချာသော တင်ဒါခေါ်ယူခြင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတွေလည်း ပြည်သူများမဆိုထားနှင့် ပြည်သူ့ကိုယ်စားလှယ်အနေဖြင့်သာ သက်ဆိုင်ရာမြို့နယ်ရဲ့ တင်ဒါအောင် ကုမ္ပဏီအမည်စာရင်း ထွက်လာမှ စာရင်းဇယားများကို တောင်းယူကြည့်ရတဲ့အနေအထားရှိနေပါတယ်။ ပွင့်လင်းမြင်သာမှုအား တိုးတက်စေခြင်းတွင်လည်း ပြည်သူများနှင့် ပူးပေါင်းပြီးတင်ဒါအောင်ကုမ္ပဏီများကို ဖိတ်ခေါ်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် အရည်အသွေးပြည့်မီသော လုပ်ငန်းများအကောင်အထည်ဖော်ရန် တောင်းဆိုရခြင်းတို့ကို ပြုလုပ်ရပါတယ်။ ကြီးကြပ်မှုစစ်ဆေးမှုများအား သေချာစွာဆောင်ရွက်စေခြင်းမှာ လွှတ်တော်ကိုယ်စားလှယ်များပါဝင်ရမည်ဆိုပေမဲ့ လွှတ်တော်အားရက်များမှာ လွှတ်တော်ကိုယ်စားလှယ် သွားရောက်စစ်ဆေးရာတွင် အလုပ်သမားလောက်နှင့်သာ တွေ့ရှိရပါတယ်။ မသမာသော အရည်အသွေးမပြည့်မီသော ဖြည့်ဆည်းပေးသွင်းသူများ ကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်

ခွင့်မပြုခြင်းလို့ဆိုပေမဲ့ နောက်နှစ်မှာကုမ္ပဏီနာမည် နောက်တစ်မျိုးပြောင်းပြီး တင်ဒါအောင်မြင်မှုများ ရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တင်ဒါတင်သွင်းသော ကုမ္ပဏီများကို ကုမ္ပဏီ၏ စက်ယာဉ်ယန္တရားလက်ဝယ် ပိုင်ဆိုင်မှုအခြေအနေ၊ ကုမ္ပဏီ၏ငွေကြေးလည်ပတ်မှုအခြေအနေ၊ ကုမ္ပဏီ၏ယခင်ဆောင်ရွက်ခဲ့ဖူး သော အတွေ့အကြုံများနှင့် အောင်မြင်မှုများ စသည်တို့အပေါ်မူတည်၍ စိစစ်ရွေးချယ်ရမည်ဆိုသော် လည်း လက်ရှိလုပ်ဆောင်နေသော တင်ဒါအောင်ကုမ္ပဏီအချို့မှာ လုပ်ငန်းအတွက် လိုအပ်သော သဲ၊ ကျောက်၊ အုတ်၊ ဘိလပ်မြေ၊ မြေကြီးစသည်တို့ကို ကြေလည်အောင်အချိန်မီမပေးနိုင်၍ အကြွေး တောင်းသလို တောင်းနေရတာမျိုးလည်း ကြားသိနေရပါတယ်။ ဆောက်လုပ်ရေးတင်ဒါ အောင်မြင် သော လုပ်ငန်းများလုပ်ဆောင်ရာတွင် စာချုပ်ပါအတိုင်းအရည်အသွေးပြည့်/မပြည့်ကို တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသလို အာမခံပေးထားပြီး သက်တမ်းမပြည့်မီပျက်စီးသွားပါကလည်း ကုမ္ပဏီကို ကတိပေးထားတဲ့အတိုင်း ပြန်လည်ပြင်ဆင်ပေးရန်အတွက် တောင်းဆိုရာမှာလည်း ဘယ်နားလိုက်ရှာ ရမှန်းမသိသည့် အခြေအနေမျိုးရှိနေသလို အချို့ကုမ္ပဏီများမှာလည်း လက်ရှိလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေပါလျက် ပြန်လည်ပြင်ဆင်ပေးရန်ကို မသိကျေးကျွန်ပြုလုပ်နေကြရပါတယ်။ အမှန်တကယ် ကုန်ကျငွေနဲ့ကိုက်ညီသော အရည်အသွေးပြည့်မီတဲ့ လုပ်ငန်းမျိုးဖြစ်မလာတဲ့အပြင် တစ်နပ်စားဉာဏ်သဘောမျိုးနဲ့ လုပ်စားနေခြင်းများရှိနေသဖြင့် ဒေသခံပြည်သူများမှ များစွာနစ်နာရပါ တယ်။ တစ်နှစ်အတွင်း ပျက်စီးသွားသောလမ်းများ၊ တံတားများနှင့် စာသင်ကျောင်းများမှာလည်း မြို့နယ်တိုင်းနီးပါးမှာ တွေ့မြင်ရပြီး ပြုပြင်စရိတ်ကို နိုင်ငံတော်ဘတ်ဂျက်မှ တောင်းခံနေရခြင်းမှာ လုံးဝမဖြစ်သင့်ပါ။ အထူးသဖြင့် အချို့စာသင်ကျောင်းများမှာ ဆောက်လုပ်ပြီး နှစ်အနည်းငယ် အတွင်းမှာ ယိုယွင်းသွားခြင်းမှာလည်း ကျွန်မတို့ရဲ့အနာဂတ်ရင်သွေးငယ်များအတွက် လွန်စွာမှ အန္တရာယ်ကြီးလှပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လုပ်ငန်းရှင်နဲ့ပြည်သူများအကြား စေတနာအပြည့်ဖြင့်လုပ်လျှင် တင်ဒါအောင် ကုမ္ပဏီများအနေနဲ့ အကျိုးရှိမှာဖြစ်ပါတယ်။ လက်တွေ့ဥပမာပြရမယ်ဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှာ ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ ကို သက်ဆိုင်ရာမြို့နယ်အတွင်း ပြည်သူ လူထု၏ လက်ကို ယုံကြည်စွာအပ်နှံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မှာ ဖြစ်ပေါ်လာတဲ့ လုပ်ငန်းပြီးစီးမှုအရည်အသွေးများဟာ တင်ဒါအောင်ကုမ္ပဏီများရဲ့ လုပ်ငန်း အကောင်အထည်ဖော်မှုအရည်အသွေးများနဲ့ နှိုင်းယှဉ်တဲ့နေရာမှာ ကုန်ကျသောငွေကြေးကို အချိုးချ

ကြည့်တဲ့အခါမှာတော့ မယုံကြည်နိုင်လောက်အောင် များစွာကွာဟများရှိနေကြောင်း လက်တွေ့သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေဖြင့် တင်ဒါအောင်ကုမ္ပဏီများအနေဖြင့် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းလမ်းညွှန်များကို တိကျစွာလိုက်နာပြီး လုပ်ငန်းရှင်အနေဖြင့်လည်း မိမိအကျိုးစီးပွားအပြင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စေတနာပါထည့်သွင်းပြီး တည်ဆောက်ပေးပါက အရည်အသွေးပြည့်မီသော တည်ဆောက်ရေးလုပ်ငန်းများ ပေါ်ပေါက်လာမည်ဖြစ်ပါ၍ ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ချိုချိုဆွေးနွေးတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေသိန်း ၁၀၀၀ ကိစ္စပါသွားတယ်။ ကျွန်တော်ပြောမယ်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေသိန်း ၁၀၀၀ ကိစ္စ။ ကိုယ်စားလှယ်တွေကို လုံးဝတာဝန်ခံခိုင်းပြီးတော့ ကျွန်တော်တို့လုပ်ခိုင်းထားတာ။ အခုနက တင်ဒါမှာ အဲဒီလိုဖြစ်တယ်ဆိုရင် ကိုယ်စားလှယ်တွေလုံးဝ တာဝန်ရှိတယ်။ ကိုယ်နယ်ဒေသ၊ ကိုယ့်နယ်မြေမှာလုပ်တဲ့ တင်ဒါကောင်း/မကောင်း၊ အရည်အချင်းမီ/မမီ၊ စံချိန်စံညွှန်းကိုက်/မကိုက်၊ နောက်ကနေပြီးတော့ Follow Up လိုက်ပြီးတော့ Monitoring လုပ်ရမှာက ကျွန်တော်တို့ကိုယ်စားလှယ်တွေအလုပ်။ ပုံအပ်ပြီးတော့ ကျန်တဲ့ဌာနဆိုင်ရာတွေ၊ ကန်ထရိုက်တွေ လုပ်ချင်သလိုလုပ်ဆိုပြီးတော့ ထားခဲ့ရမှာမဟုတ်ဘူး။ အဲဒါကိုယ်စားလှယ်အားလုံး အခုဒါ ဆွေးနွေးတဲ့အထဲမှာ ပါသွားလို့ သတိရလို့ပြောတာ။ ကျွန်တော်တို့ကိုယ်စားလှယ်တွေကို အပ်လိုက်တာ။ ဌာနဆိုင်ရာကို အပ်လိုက်တာမဟုတ်ဘူး။ ပြည်ထောင်စုလွှတ်တော်ရဲ့ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ ကိစ္စက အဲဒါ ကိုယ်စားလှယ်တွေ လုံးဝတာဝန်ခံရမယ်။ အဲဒါတော့ အလေးအနက်ထားပြီးတော့ လုပ်ကိုင်ဆောင်ရွက်ပေးကြပါ။

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပျဉ်းမနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တင်သွင်း

သွားသောအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်မှာ ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ စံချိန်စံညွှန်းများပြည့်မီရန်၊ ပွင့်လင်းမြင်သာမှုရှိရန်နှင့် တင်ဒါနှင့်ပတ်သက်၍ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် တိုက်တွန်းထားတာကိုလည်း တွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများအတွက်သော်လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ဖို့ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရန် စာသင်ကျောင်းများ၊ ဆေးရုံများ၊ လမ်း၊ တံတားနှင့် ဆည်တာတမံများတည်ဆောက်တဲ့အခါမှာ တင်ဒါစနစ်ဖြင့်ဆောင်ရွက်လေ့ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ နီးစပ်ရာ၊ လက်သင့်ရာစားတော်ခေါ်ခြင်း၊ မကင်းရာမကင်းကြောင်းများဖြင့်ဆောင်ရွက်တဲ့အတွက် စံချိန်စံညွှန်းမပြည့်မီဘဲ တွေ့ရှိနေရပါတယ်။ အစိုးရရဲ့စီမံကိန်းများတွင်လည်း ပွင့်လင်းမြင်သာမှုအားနည်းခြင်း၊ အမှန်တကယ်ကုန်ကျစရိတ်ထက် ပိုမိုတွက်ချက်ထားခြင်း၊ ဆင့်ကဲဆင့်ကဲအထက်အဆင့်ဆင့်မှ ဖြတ်တောက်ခြင်းများကြောင့် အမှန်တကယ်လုပ်ငန်းခွင်သို့ ထိထိရောက်ရောက်မရောက်ရှိပါ။ အထူးသဖြင့် ဆည်မြောင်းနှင့် လမ်း၊ တံတားများတည်ဆောက်ရာတွင် အများဆုံးတွေ့မြင်နိုင်ပါတယ်။ လုပ်ငန်းစီမံကိန်းများဆောင်ရွက်ရာတွင် အမှန်တကယ်လုပ်ငန်းခွင်တွင်အသုံးပြုသော သံ၊ ဘိလပ်မြေ၊ ဒီဇယ်တို့သည် မြင်မကောင်းအောင်ဘေးထွက်တာတွေက များပါတယ်။ အလားတူ လျှပ်စစ်ဝန်ကြီးဌာနတွင်လည်း ဘတ်ဂျက်ကအတည်မပြုရသေးခင်မှာပင် နီးစပ်ရာ ဆွေတော်မျိုးတော်တွေ၊ အပေါင်းအသင်းတွေ၊ ကုမ္ပဏီများက စီမံကိန်းနှင့်ပတ်သက်တဲ့ဆက်စပ်ပစ္စည်းများကို ဝယ်ယူပြီးဖြစ်ကြောင်းကြားသိနေရပါတယ်။ လမ်း၊ တံတားများဆောက်လုပ်နေတဲ့ အချို့သောဆောက်လုပ်ရေးကုမ္ပဏီများမှာ ကုမ္ပဏီဘဝရောက်တယ်ဆိုရုံပါပဲ။ ကုမ္ပဏီဖွဲ့စည်းပုံကလည်း မည်ကာမတ္တ၊ စက်ယန္တရားများကလည်းဟန်ပြ၊ ပြည့်စုံအောင်မရှိ၊ ဝန်ထမ်းနှင့်အလုပ်သမားများကိုလည်း တွေ့တဲ့နေရာကြုံသလိုခေါ် ဖြစ်ကတတ်ဆန်းပြီးလွယ်ပိုင်လွယ်လုပ်နေသော ကုမ္ပဏီအများစုကြောင့် အရည်အသွေးပြည့်မီဖို့ဝေလာဝေး တစ်နှစ်အတွင်းမှာ ရွှံ့ကခင်း နောက်ကပျက်ဖြစ်ပါတယ်။ အရည်အသွေးစစ်မယ်ဆိုပြန်တော့လည်း မကင်းရာမကင်းကြောင်းတွေကများနေတော့ စစ်ဖို့နေနေသာသာ အနားတောင်မသီရဲကြပါဘူး။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ဒါများကို စနစ်တကျစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများရေးဆွဲပြီး ဥပဒေများနှင့်အညီဆောင်ရွက်မည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိမှာဖြစ်ပါတယ်။ ဥပမာ- ငွေစာရင်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်မှာ

၆-၃-၂၀၁၇ ရက်နေ့တွင်တင်သွင်းသွားသော အစီရင်ခံစာတွင် ပါဝင်ပြီးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စနစ်တကျစီစဉ်ဆောင်ရွက်မှုကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လမ်းဦးစီးဌာန၏လုပ်ငန်းများတွင် မူလခွင့်ပြုငွေထက် ကျပ်သန်း ၁၀၂၇၃.၅၈၅ သန်းသက်သာပြီး ပိုလျှံငွေဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလိုဘာ့ကြောင့်ပိုခဲ့သလဲဆိုရင် ပစ္စည်းဝယ်ယူရေးတင်ဒါအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် တာဝန်ယူတာဝန်ခံမှုစနစ်ဖြင့် တာဝန်ပေးအပ်ပြီး ပွင့်လင်းမြင်သာစွာ အဂတိတရားကင်းစွာဆောင်ရွက်ခြင်း၊ ဈေးနှုန်းကိုလည်းအခြေခံတွက်ချက်ပြီး အမြင့်ဆုံးဈေး၊ အနိမ့်ဆုံးဈေးများသတ်မှတ်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကိုလိုက်နာမှုမရှိခြင်း၊ တင်ဒါဥပဒေမရှိခြင်း၊ တာဝန်ယူတာဝန်ခံမှုမရှိခြင်းတို့ကြောင့် မိမိမဲဆန္ဒနယ်တွင် ကုမ္ပဏီတစ်ခုဆောင်ရွက်သွားပုံကို ဆွေးနွေးလိုပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မယ်ဇလီ-ဥယျာဉ်ကျစ်လမ်းနှင့် လယ်ကိုင်း-ရွှေလှေလမ်းကို MY ကုမ္ပဏီမှတင်ဒါဆွဲယူပြီး ဆောင်ရွက်ခဲ့ပါတယ်။ မယ်ဇလီ-ဥယျာဉ်ကျစ်လမ်း ကျောက်ချောလမ်း ၁၆ မိုင် အတွက် ကျပ်သန်း ၈၁၂.၁၁၄ သန်းနှင့် လယ်ကိုင်း-ရွှေလှေကျောက်ချောလမ်း ၃ မိုင်အတွက် ၁၁၈.၀၇၁ သန်းတို့ဖြင့် ပြည်သူ့ဘဏ္ဍာများကိုသုံးစွဲဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း ၎င်းလမ်းများမှာ ၂၀၁၅ ခုနှစ်မကုန်ခင်တွင် ပျက်စီးခဲ့ပါသဖြင့် သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းစစ်ဆေးပြီး တယ်လီဖုန်းဖြင့်အကြိမ်ကြိမ်၊ စာဖြင့်သုံးကြိမ်ဆက်သွယ်ခဲ့သော်လည်း ပျဉ်းမနား၊ ဘောဂသီရိကားကွင်းတွင်ရုံးစိုက်ထားသော MY ကုမ္ပဏီမှာ လုံးဝဆက်သွယ်၍မရကြောင်းသိရှိရပါတယ်။ အဲဒီလိုသိရှိရသဖြင့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှာ ကျွန်တော် လွှတ်တော်သို့ ကြယ်ပွင့်မပြမေးခွန်းမေးမြန်းခဲ့ပါတယ်။ မေးမြန်းမှုအပေါ်ပြန်လည်ဖြေဆိုရာ ၎င်းကုမ္ပဏီကို ဖုန်းဖြင့်ဆက်သွယ်သော်လည်း မရရှိခဲ့ကြောင်း၊ စာဖြင့်ဆက်သွယ်သော်လည်းမရရှိကြောင်း။ ဒီလိုဆက်သွယ်လို့မရတဲ့အတွက် MY ကုမ္ပဏီအား တင်ဒါစည်းမျဉ်း၊ စည်းကမ်းများ၊ စာချုပ်ပါစည်းမျဉ်း၊ စည်းကမ်းများအတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တင်ဒါဆွဲဝယ်ခွင့်ပိတ်သိမ်းပြီးဖြစ်ကြောင်း၊ ထိုနည်းတူ အခြားဝန်ကြီးဌာနများကိုလည်း အကြောင်းကြားသွားမည်ဖြစ်ကြောင်း MY ကုမ္ပဏီ၏ MD နှင့်ဒါရိုက်တာအဖွဲ့များအားလုံးကို အမည်မဲစာရင်းတွင်ထည့်သွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း ဒီနေ့ဒီအချိန်ထိ

ဘယ်လိုအပြစ်ပေးပြီး ဘယ်လိုအရေးယူတယ်ဆိုတာလည်း မသိရပါ။ ဒီလိုကုမ္ပဏီမျိုးတွေ တိုင်းပြည်မှာ ဘယ်လောက်ထိရှိနေမလဲဆိုတာ မတွေးဝံ့စရာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆိုလိုတဲ့သဘောက သူတို့အနေနဲ့ အခြားကုမ္ပဏီနာမည်တွေ ပြောင်းကောင်းပြောင်းမယ်။ဒါမှမဟုတ်ရင် အခြားတစ်ဦးတစ်ယောက်ရဲ့နာမည်နဲ့ ကုမ္ပဏီ ပြန်ထူထောင်ကောင်းထူထောင်နိုင်တယ်။ ဒါပေမဲ့ တိုင်းပြည်နှင့်ဒေသခံများအတွက် များစွာနစ်နာပါတယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေ အဟောသိကံဖြစ်သလို ဒေသခံတွေရဲ့ နှစ်ပေါင်းများစွာမျှော်လင့်စောင့်စားခဲ့ရတဲ့ အခွင့်အရေးတွေ ဆုံးရှုံးရပါတယ်။ နောက် ဘယ်အချိန်မှာ ဒီလိုလမ်းတွေပြန်လာမလဲ။ လမ်းတစ်လမ်းဖြစ်ဖို့ဆိုတာ အင်မတန်မှခဲယဉ်းပါတယ်။ ဒီလိုဆုံးရှုံးမှု၊ နစ်နာမှုမရှိအောင် စောင့်ကြည့်တဲ့ပြင်ပအဖွဲ့အစည်းတွေ၊ Third Party တွေဖွဲ့စည်းပြီးစောင့်ကြည့်ခြင်း၊ အရည်အသွေးစစ်တဲ့အဖွဲ့များကိုဖွဲ့၍ အရည်အသွေးများစစ်ခြင်း၊ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများ၊ ဥပဒေများပေါ်ပေါက်ရန်လိုအပ်ပါသဖြင့် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်ရဲ့အဆိုကို ထောက်ခံရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ဆွေးနွေးမှာကတော့ ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြတဲ့အခါမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်၏ရည်ရွယ်ချက်မှ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ လွယ်ကူချောမွေ့လျင်မြန်စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစာချုပ်ချုပ်ရာတွင် လိုက်နာကျင့်သုံးရမည့်ဥပဒေ၊ နည်းဥပဒေများနှင့်ပြဋ္ဌာန်းနိုင်ရန် ဝန်ကြီးဌာနအသီးသီးရှိ ကန်ထရိုက်စနစ်ဖြင့် ခွင့်ပြုသည့်လုပ်ငန်းများတွင် တူညီသောမူဝါဒများကိုအခြေခံ၍ ဆောင်ရွက်ပြီး တည်ဆောက်ရေးလုပ်ငန်းများအား လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရန်ဖြစ်

သောကြောင့် အလွန်ကောင်းမွန်သောရည်ရွယ်ချက်လည်းဖြစ်တယ်လို့ တွေ့ရပါတယ်ခင်ဗျား။ ထို့အပြင် အဆင့်အတန်းမြင့် လုပ်ငန်းသုံးဆိုင်ရာတင်ဒါခေါ်ယူခြင်းလုပ်ငန်းများ မှန်ကန်သောကုန်ကျစရိတ်နှင့် အရည်အသွေးပြည့်ဝစေရန်၊ မလိုလားအပ်သောမသမာမှုများကာကွယ်ရန်နှင့် တိကျသေချာသောတင်ဒါခေါ်ယူခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ကြီးကြပ်မှု၊ စစ်ဆေးမှုများအား သေချာစွာဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်မီသောပစ္စည်းများပေးသွင်းခြင်း၊ လုပ်ငန်းများကိုဆောင်ရွက်စေခြင်းဖြင့် လမ်းညွှန်ထုတ်ပြန်ခဲ့တာလည်းတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးနှင့်ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ်ဆောင်တဲ့အခါမှာ ဆောင်ရွက်မှုအပိုင်းနှင့်ကြီးကြပ်မှုအပိုင်းဆိုပြီး နှစ်ပိုင်းပါဝင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်၏စီးပွားရေးမူဝါဒများ တိုးတက်ပြောင်းလဲမှုနှင့်အညီ နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်အရ လုပ်ငန်းအများစုကို ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ စံချိန်စံညွှန်းများနှင့်ပတ်သက်သောရည်ရွယ်ချက်များအနေနဲ့ Myanmar National Building Code ကိုလိုက်နာကြရမှာဖြစ်ပါတယ်။ ကြမ်းခင်းဈေးနှုန်းများတွက်ချက်ရာတွင်လည်း လုပ်ငန်းစံချိန်စံညွှန်းများနှင့်ပတ်သက်သော ရည်ရွယ်ချက်များအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းအခြေခံစံနှုန်းများကို တွက်ချက်ရမှာလည်းဖြစ်ပါတယ်။ ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ပစ္စည်းလုပ်အားခများနှင့် အခြားကုန်ကျစရိတ်အားလုံးပါဝင်ရမှာဖြစ်ပြီး လုပ်ငန်းအားတာဝန်ခံဆောင်ရွက်ရမည့် ကန်ထရိုက်တာအတွက် ထိုက်သင့်သောအကျိုးအမြတ်လည်းခံစားခွင့်ပေးရမှာဖြစ်ပါတယ်။ ပစ္စည်းလိုအပ်ချက်နှင့်လုပ်အားပမာဏများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှထုတ်ထားသော အခြေခံစံနှုန်းအတိုင်းတွက်ချက်ပြီး ဒေသခံအခြေအနေနဲ့ကိုက်ညီတဲ့ဈေးနှုန်းများဖြစ်စေရန် ပို့ဆောင်ရေးစရိတ်များ၊ လုပ်အားခများကို အမှန်တကယ်ဒေသပေါက်ဈေးနှင့် သတ်မှတ်ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်အမြန်ဆုံးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူကရွေးချယ်ပေးလိုက်သော ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို သေချာလေ့လာပြီး မိမိတို့ရဲ့မဲဆန္ဒနယ်အတွင်း ပြည်သူ့ဘဏ္ဍာငွေဖြင့်တည်ဆောက်နေသောကျောင်းများ၊ ဆေးရုံများ၊ လမ်းများ၊ တံတားများ၊ အစိုးရစီမံကိန်းများကို အရည်အသွေးပြည့်ဝစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာလည်းပဲဖြစ်ပါတယ်။ ကန်ထရိုက်လုပ်ငန်းများ သတ်မှတ်ထားတဲ့အရည်အသွေးပြည့်ဝမှုရှိ/မရှိစစ်ဆေးတဲ့အခါမှာ မည်သည့်လုပ်ငန်းကိုမဆို လုပ်ငန်းပမာဏများသည် ဖြစ်စေ၊ နည်းသည်ဖြစ်စေ Quality Control လုပ်ငန်းဖြင့် လိုအပ်သလိုဆောင်ရွက်ရမှာလည်း

ဖြစ်ပါတယ်။ တည်ဆောက်မှုဆိုင်ရာ တင်ဒါဆောင်ရွက်မှုကုမ္ပဏီအဖွဲ့အစည်းသည် အကောင်အထည်ဖော်နိုင်စွမ်းလေ့လာမှု(Feasibility Study)ဆောင်ရွက်ခြင်းလုပ်ငန်း၊ အသေးစိတ်ပုံစံထုတ်ခြင်းလုပ်ငန်းနှင့် အကြံပေးအဖွဲ့အစည်းများ ငှားရမ်းခြင်းလုပ်ငန်းများအတွက် စီမံကိန်းချ၍လုပ်ဆောင်နိုင်ရမှာဖြစ်ပါတယ်။ တင်ဒါတင်သွင်းသူအား တင်ဒါခေါ်ယူစဉ်ကတည်းက ထည့်သွင်းဖော်ပြထားခြင်းမရှိသောလုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်စေခြင်း သို့မဟုတ် ယင်းတာဝန်များကိုယူစေရန် မူလထည့်သွင်းထားသောတင်ဒါအား ပြောင်းလဲပြင်ဆင်ခြင်းများမရှိစေရန် အလေးအနက်ထားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ ဌာနဆိုင်ရာလုပ်ငန်းအဖြစ်ဆောင်ရွက်စဉ်သကဲ့သို့မဟုတ်ဘဲ အထူးဂရုပြုပြီး စေ့စပ်သေချာစွာဆောင်ရွက်ရန်လည်း လိုအပ်ပါတယ်။ ထိုသို့မဆောင်ရွက်ပါက ကန်ထရိုက်နဲ့ ပြဿနာပေါင်းများစွာပေါ်ပေါက်နိုင်သကဲ့သို့ လုပ်ငန်းအဆင့်အတန်းလည်း နိမ့်ကျသွားနိုင်ပါတယ်။ ဒါ့ကြောင့် အင်ဂျင်နီယာအနေနဲ့ ကန်ထရိုက်စနစ်ဖြင့်လုပ်ငန်းဆောင်ရွက်သည့်အခါ ကြီးကြပ်မှုအပိုင်းမှာရော စံချိန်စံညွှန်းများကို အထူးဂရုစိုက်လုပ်ကိုင်ဆောင်ရွက်ရန်လိုသကဲ့သို့ ကန်ထရိုက်စာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီဆောင်ရွက်ရန်လည်း လိုအပ်လှပါတယ်။ လုပ်ငန်းများကြီးကြပ်ဆောင်ရွက်ရာတွင်လည်း ဂရုပြုသင့်သောအချက်မှာ ပစ္စည်းများထုတ်ပေးခြင်းပဲဖြစ်ပါတယ်။ ပစ္စည်းထုတ်ပေးရာတွင်လည်း သတ်မှတ်ထားသောပုံစံဖြင့်သာထုတ်ပေးရပြီး ပစ္စည်းများမှာလည်း လုပ်ငန်းအတွက် တကယ်လိုအပ်သောပစ္စည်းများဖြစ်ရန်လိုအပ်ပါတယ်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြန့်ကြာမှုမဖြစ်စေရန် ဌာနမှထုတ်ပေးရမည့်ပစ္စည်းများကို အချိန်မီထုတ်ပေးရန်နှင့် ဒါမှမဟုတ် လုပ်ငန်းအတွက်လိုအပ်သည့်ပစ္စည်းများကိုကန်ထရိုက်စာချုပ် မချုပ်မီကပင် ကြိုတင်စုဆောင်းထားသင့်တယ်လို့အကြံပြုအပ်ပါတယ်။

ဒါ့ကြောင့် နိဂုံးချုပ်အနေနဲ့ တင်ဒါခေါ်ယူမှုများတွင် ဥပဒေ၊ နည်းဥပဒေမပြဋ္ဌာန်းနိုင်သေးခင်တိတိကျကျလိုက်နာဆောင်ရွက်ရန်လိုပြီး ပွင့်လင်းမြင်သာမှုရှိစွာနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူကျွန်တော်တို့ကိုယ်စားလှယ်တွေကလည်း တာဝန်သိမှု၊ တာဝန်ရှိမှုတို့ဖြင့် ပြည်သူ့ဘဏ္ဍာ အလေအလွင့်မဖြစ်စေရန်နှင့်မဆုံးရှုံးစေရန်အတွက် ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိုးအောင် တင်သွင်းသောအဆိုအား လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီအချိန်မှာ အစည်းအဝေးပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇော်ဝင်း(ထန်းတပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ပျဉ်းမနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တင်သွင်းတဲ့ ဆောက်လုပ်ရေးဌာနက ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်နှင့်ပတ်သက်ပြီး လုပ်ငန်းလမ်းညွှန်ရဲ့ရည်မှန်းချက်ဖြစ်တဲ့ အဆင့်အတန်းမြင့်မားသော လုပ်ငန်းသုံးဆိုင်ရာ တင်ဒါခေါ်ယူခြင်းလုပ်ငန်းများ ဖြစ်မြောက်ရေးအတွက် (၁)မှန်ကန်သောကုန်ကျစရိတ်ဖြစ်စေ၊ (၂) အရည်အသွေးပြည့်ဝစေရန်၊ (၃) မလိုလားအပ်သောမသမာမှုများမှကာကွယ်ရန် ဆိုတဲ့ အချက်(၃)ချက်ပေါ်မှာအခြေခံပြီးတော့ ထောက်ခံအကြံပြု ဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နံပါတ်(၁)ဖြစ်တဲ့ မှန်ကန်တဲ့ကုန်ကျစရိတ်ဖြစ်စေရန်နဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြရမယ်ဆိုရင် ပစ္စည်းများ၊ လုပ်အားခများ၊ စက်ယန္တရားများ၊ ကုန်ကျစရိတ်များ၊ အထွေထွေစရိတ်များ ဒေသပေါက်စျေးအမှန်ဖြစ်ဖို့ အရေးကြီးပါတယ်။ ဒေသ

ပေါက်ဈေး ဈေးနှုန်းစာအုပ်ကို မြို့နယ်အလိုက် ပြုစုထားရှိရန်ဖော်ပြထားပါတယ်။ သို့သော်လည်း ပကတိအခြေအနေမှာတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုလုံးကို ခြုံငုံပြီးတော့ပြုစုကျင့်သုံးနေတာပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ အကြံပြုလိုတာကတော့ မြို့နယ်အလိုက်ဒေသပေါက်ဈေး သတ်မှတ်တဲ့အဖွဲ့အစည်းတစ်ခုထားရှိသင့်ပြီးတော့ ယင်းအဖွဲ့မှ မြို့မိ၊ မြို့ဖနှစ်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးပါဝင်ဖွဲ့စည်းသင့်တယ်လို့ အကြံပြုလိုပါတယ်။ လုပ်ငန်းတင်ဒါရယူလိုတဲ့လုပ်ငန်းရှင်များဟာ လုပ်ငန်းတစ်ခုလုံးရဲ့ ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်တင်တဲ့အနေရာမှာ မြို့နယ်အလိုက်ဒေသပေါက်ဈေး သတ်မှတ်ရေးအဖွဲ့ရဲ့ သဘောတူထောက်ခံချက်နဲ့ ပူးတွဲပြီးတင်ဒါရယူရမည်လို့ သတ်မှတ်ပေးနိုင်မည်ဆိုရင် အနီးစပ်ဆုံးအမှန်တကယ် ကုန်ကျစရိတ်များ ဖြစ်ပေါ်လာနိုင်ပြီးတော့ မိမိရဲ့မြို့နယ်အတွင်းမှာ လုပ်ငန်းဖော်ဆောင်မှုများနှင့်ပတ်သက်လို့ မြို့မိ၊ မြို့ဖများနှင့်လွှတ်တော်ကိုယ်စားလှယ်များကလည်း ကြိုတင်သိရှိနိုင်မှာဖြစ်တဲ့အပြင် လုပ်ငန်းဖော်ဆောင်ရာမှာလည်း များစွာအဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဈေးနှုန်းတင်ဒါနဲ့ပတ်သက်လို့ လုပ်ငန်းလမ်းညွှန်မှာ ဒီအခုပါတဲ့အတိုင်းပါပဲ။ ဒီကန်ထရိုက်ရဲ့အမြတ်ရဲ့ ၁၀ ရာခိုင်နှုန်းဟာ လုပ်ငန်းအားလုံးရင်းနှီးတဲ့ A, B, C, D ပေါင်းရဲ့ ၁၀ ရာခိုင်နှုန်းကို ခွင့်ပြုထားတာရှိပါတယ်။ အဲဒီတော့ အခုလက်ရှိမှာတော့ ကန်ထရိုက်အမြတ် ၁၀ ရာခိုင်နှုန်းထည့်သွင်းတွက်ချက်ထားတာ မတွေ့ရဘဲနဲ့ ပစ္စည်းတစ်ခုချင်းစီအတွက် ဒီ ၁၀ ရာခိုင်နှုန်းမကဘဲနဲ့ တွက်ချက်ထားတာတွေ့ရပါတယ်။ ဥပမာ-ကျွန်တော်တို့ ဘိလပ်မြေတစ်အိတ်ကို ၆၅၀၀ ကျပ်နဲ့ခွင့်ပြုထားပြီးတော့ ဒေသပေါက်ဈေးအမှန်မှာ ၅၀၀၀ ကျပ်ဝန်းကျင်သာရှိပါတယ်။ အဲဒီတော့ လုပ်ငန်းရှင်များကိုလည်း ထိုက်သင့်တဲ့အကျိုးအမြတ်ကို ပေးရမှာပဲဖြစ်ပါတယ်။ အမှန်တကယ်မှာတော့ လုပ်ငန်းရှင်ဟာလုပ်ငန်းတစ်ခုလုံးရဲ့ ကုန်ကျစရိတ်ငွေကို ရင်းနှီးမြှုပ်နှံရတာ မဟုတ်ပါဘူး။ လုပ်ငန်း ၂၅ ရာခိုင်နှုန်းပြီးစီးရင် ပထမအရစ် ၂၅ ရာခိုင်နှုန်းကို ပြန်လည်ထုတ်ယူနိုင်တာဖြစ်တဲ့အတွက် စုစုပေါင်းကုန်ကျငွေရဲ့ ၂၅ ရာခိုင်နှုန်းရဲ့ လုပ်ငန်းပြီးမြောက်မှုအာမခံကြေး ၅ ရာခိုင်နှုန်းနဲ့ ပေါင်းရင် ၃၀ ရာခိုင်နှုန်းသာ ရင်းနှီးမြှုပ်နှံရတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျောင်းတစ်ကျောင်း ဟာ သိန်း ၃၀၀ ကုန်ကျမည်ဆိုရင် ၁၀ ရာခိုင်နှုန်းအမြတ်ဖြစ်တဲ့အတွက် သိန်း ၃၀ အမြတ်ရမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံရမည့်ငွေဟာ သိန်း ၃၀ ရဲ့ ၃ ရာခိုင်နှုန်းဖြစ်တဲ့အတွက်ကြောင့် သိန်း ၉၀ သာဖြစ်ပြီးတော့ သိန်း ၉၀ ရင်းရင် သိန်း ၃၀ အမြတ်ရမှာဖြစ်ပါတယ်။ အဲဒီလို အချိန်တိုအတွင်းမှာ အမြတ်များများရတဲ့အတွက် နောက်ဆက်တွဲတွေအနေနဲ့ဆိုးကျိုးအနေနဲ့က ဘာတွေဖြစ်လာသလဲဆိုတော့ အခုကျွန်တော်ဆွေးနွေးမည့်အချက် နံပါတ်(၃)ဖြစ်တဲ့ မလို

လားအပ်တဲ့မသမာမှုများကို ကာကွယ်ရန်ဆိုတဲ့အချက်နဲ့တိုက်ရိုက်ဆက်သွယ်နေပါတယ်။ အမြတ်များ သောလုပ်ငန်းကို အပြိုင်အဆိုင်လိုချင်လာတယ်။ အပြိုင်အဆိုင်ဖြစ်လာတော့ မသမာတဲ့နည်း၊ မမှန်ကန်တဲ့နည်းတွေနဲ့ လုပ်ငန်းရယူဖို့လာဘ်ပေးလာဘ်ယူဖြစ်လာတယ်။ လာဘ်ပေးလာဘ်ယူတွေ ဖြစ်လာတော့ လုပ်ငန်းအရည်အသွေးပြည့်ဝဖို့ ထိန်းချုပ်မှုတွေအားနည်းလာတယ်။ ဒါကြောင့်မို့ မြို့နယ်အလိုက် အမှန်တကယ်ဒေသပေါက်ဈေး သတ်မှတ်ပေးတဲ့အဖွဲ့ရဲ့ ထောက်ခံချက်နဲ့ တင်ဒါ ရယူရမယ်လို့ သတ်မှတ်နိုင်မယ်ဆိုရင် မလိုလားအပ်တဲ့ မသမာမှုများကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ နံပါတ်(၂)အချက်အနေနဲ့ကတော့ အရည်အသွေးပြည့်ဝစေရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအပိုင်း၊ ကြီးကြပ်မှုအပိုင်းနှင့် စစ်ဆေးမှုအပိုင်းသုံးပိုင်းရှိဖို့ လိုမယ်လို့ထင်ပါတယ်။ လက်ရှိမှာကြီးကြပ်မှုအပိုင်း အနေနဲ့ လုပ်ငန်းအလိုက်ကြီးကြပ်ဖို့ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများနဲ့ ဖွဲ့စည်းထားရှိသော်လည်း ဌာနရဲ့တာဝန်ပိုင်းကတစ်ဖက် ဖြစ်တဲ့အတွက် လက်တွေ့မှာကြီးကြပ်မှုအားနည်းနေတာတွေ့ရပါတယ်။ လက်တွေ့အခြေအနေမှာတော့ တည်ဆောက်ရေးလုပ်ငန်းရှိတဲ့ဒေသက ပြည်သူတွေကပဲဝိုင်းဝန်း ကြီးကြပ်ပေးနေရတာဖြစ်ပါတယ်။ ဒီနေရာမှာ အကြံပြုလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ် များဟာ လုပ်ငန်းနှင့်ပတ်သက်တဲ့ စံချိန်စံညွှန်းတွေ၊ အချက်အလက်တွေကို တိတိကျကျနဲ့ ကြီးကြပ်တဲ့ ပြည်သူတွေထံကို ချပြနိုင်မည်ဆိုလို့ရှိရင် ဒါလုပ်ငန်းတွေဟာ ထိုက်သင့်သလောက် အရည်အသွေး ပြည့်ဝလာမှာပဲ ဖြစ်ပါတယ်။ အခုလက်ရှိ ကျင့်သုံးနေတဲ့ ဒေသပေါက်ဈေးသတ်မှတ်ချက်နဲ့ ခွင့်ပြု ဆောင်ရွက်နေတဲ့ တင်ဒါစနစ်ပုံစံနဲ့သာ ဆက်သွားနေအုံးမည်ဆိုရင် တိုင်းပြည်ဘဏ္ဍာငွေတွေ အများ အပြားဆုံးရှုံးနစ်နာနေရမှာပဲဖြစ်ပါတယ်။ ဈေးနှုန်းတင်သွင်းလွှာကိုစနစ်တကျနဲ့ ကန်ထရိုက်လုပ်ကိုက် သူလည်း ထိုက်သင့်တဲ့အကျိုးအမြတ်ရှိအောင် တိုင်းပြည်ဘဏ္ဍာငွေလည်း ဆုံးရှုံးနစ်နာမှုမရှိအောင် နှစ်ဦးနှစ်ဖက်မျှတမှုရှိတဲ့နည်းလမ်းနဲ့ အလေးထားပြီးတော့ ပြန်လည်သုံးသပ်ရေးဆွဲဖို့ အထူးပဲအကြံပြု တိုက်တွန်းလိုပါတယ်။ ကန်ထရိုက်လုပ်ကိုင်သူများက သတ်မှတ်စံချိန်စံညွှန်း၊ အချိုးအစား၊ အရည် အသွေးမပြည့်မီပါကလည်း Black List ထုတ်ပြန်ခြင်းထက် စာချုပ်ပဋိဉာဏ်ဖောက်ဖျက်မှုနဲ့ နစ်နာကြေး၊ ဒဏ်ကြေးများကို ပေးဆောင်စေခြင်းဖြင့် တရားစွဲဆိုသင့်ပါကြောင်း အကြံပြုတင်ပြလိုပါ တယ်။ Black List ထုတ်ပြန်မယ်ဆိုပါက နောင်နှစ်တွေမှာ ကုမ္ပဏီနာမည်ပြောင်း၊ လူပုဂ္ဂိုလ်နာမည် ပြောင်းတွေနဲ့ ဆက်လက်ရယူဆောင်ရွက်နေဦးမည်ဆိုရင် အခက်အခဲများ၊ ပြဿနာများနှင့် ရင်ဆိုင် ဖြေရှင်းနေရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပျဉ်းမနားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့လွှတ်တော်မှာ ပျဉ်းမနားမဲဆန္ဒနယ်မြေက ဦးသန်းစိုးအောင် တင်သွင်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ထရိုက်စနစ်နဲ့လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမယ့်လုပ်ငန်းလမ်းညွှန်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းလမ်းညွှန် ဟာ တည်ဆောက်ရေးလုပ်ငန်းများတင်ဒါခေါ်ယူစာချုပ်ချုပ်ရာမှာ လိုက်နာကျင့်သုံးရမယ့် ဥပဒေ၊ နည်းဥပဒေများ မပြဋ္ဌာန်းမီ ဝန်ကြီးဌာနအသီးသီးမှာရှိတဲ့ ကန်ထရိုက်စနစ်နဲ့ခွင့်ပြုတဲ့လုပ်ငန်းများမှာ တူညီတဲ့မူဝါဒများကို အခြေခံပြီးတော့ ဆောင်ရွက်ပြီး တည်ဆောက်ရေးလုပ်ငန်းများ လျင်မြန်မှန်ကန်စွာအကောင်အထည်ဖော်နိုင်ရန်ဖြစ်ပါတယ်။ အဆိုရှင်က ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ ဝယ်ယူခြင်းနှင့် ဆောက်လုပ်ရေးတင်ဒါများပေးရာမှာ ဆောင်ရွက်နေမှုများဟာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေခြင်း၊ ပွင့်လင်းမြင်သာမှုနည်းပါးခြင်း၊ လက်သင့်ရာ စားတော်ခေါ်ခြင်းများ ရှိနေကြောင်း တင်ပြသွားရာ လက်တွေ့မှာ မိမိဒေသအတွေ့အကြုံများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒုတိယအကြိမ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရပ်နားစဉ်က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရဲ့တာဝန်ပေးချက်အရ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ရ/သုံးငွေစာရင်း၊ ဒေသန္တရ စီမံကိန်းနဲ့ ဘဏ္ဍာရေးဆိုင်ရာကော်မတီနှင့်အတူ ကျွန်တော့်ရဲ့နယ်မြေဖြစ်တဲ့ ယင်းမာပင်မြို့နယ်အတွင်း မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦလေးလုံးနဲ့ မူလတန်းကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းလေးခုတို့ကို ကျွန်တော် လိုက်ပါစစ်ဆေးခဲ့ပါတယ်။ အဲဒီလိုစစ်ဆေးတဲ့အခါ မှာ တွေ့ရှိရတဲ့အခြေအနေတွေကတော့ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဆေးခန်းနှင့် ဝန်ထမ်းနေအိမ်များရဲ့အဆောက်အဦ၊ အမိုး၊ စလစ်ပြင်များဟာ လုံးဝမိုးမလုံဘဲ မိုးရေများတပြင်းပြင်းကျနေတာ တွေ့ရပါတယ်။ အဆောက်အဦမှာတပ်ဆင်ထားတဲ့တံခါးများဟာလည်း ပိတ်မရကြောင်းတွေ့ခဲ့ရတယ်။ ဆေးခန်းအတွက် အဝီစိရေတွင်းတူးပေးရန် စာချုပ်မှာပါသော်လည်း ရေတွင်းတူးပေးသည်ကို မတွေ့ရကြောင်း ဆေးခန်းအဆောက်အဦပတ်လည်မှာရှိတဲ့မြောင်းတွေ၊ ကွန်ကရစ်အခင်းတွေကိုလည်း ဖြစ်သလို ဖြစ်ကတတ်ဆန်းပြုလုပ်ထားတာကို တွေ့ခဲ့ရပါတယ်။ အလားတူပါပဲ မူလတန်းကျောင်း လေးကျောင်းအဆောက်အဦမှာလည်း အခင်းအုတ်တမံတလင်းများကို ဘိလပ်မြေစံချိန်မီမသုံးဘဲ ခိုပြီး

သုံးထားတဲ့အတွက် အဆောက်အဦမအပ်ရသေးမီ အခင်းအုတ်ခုံများကွဲအက်ပြီး ဖာထေးထားရသည်များကို တွေ့ရသည့်အပြင် အဆောက်အအုံများအတွက်သုံးထားတဲ့ သစ်သားများဟာလည်း စံချိန်မီ သစ်သားများမဟုတ်ဘဲ သစ်သားအညံ့များကိုသာ ဆောက်လုပ်ထားကြောင်း တွေ့ရှိရပါတယ်။ အဲဒီလို တွေ့ရတဲ့အတွက် ကန်ထရိုက်ရရှိတဲ့ကုမ္ပဏီကို တွေ့ချင်ကြောင်းပြောရာ အဆောက်အဦအတွက် ကန်ထရိုက်ရသူကတစ်ဦး၊ အမှန်တကယ်ဆောက်လုပ်ရသူမှာ ထိုကန်ထရိုက်ရသူမှတစ်ဆင့် လွှဲပြောင်းလုပ်ရသူဖြစ်ကြောင်း ပြောပြသိရှိခဲ့ရပါတယ်။ အဆောက်အဦအတွက်ခွင့်ပြုငွေအားလုံးထုတ်ပြီးဖြစ်ကြောင်းနှင့် အာမခံကြေးပြန်ထုတ်ရန်သာရှိကြောင်း သိရှိရပါတယ်။ အဆောက်အဦအတွက် ခွင့်ပြုငွေထုတ်ပေးသူဟာ ကြီးကြပ်စစ်ဆေးခြင်းမပြုဘဲ ခွင့်ပြုငွေအားလုံးထုတ်ပေးခဲ့ကြောင်း သိရပါတယ်။ အဲဒီလိုတွေ့ရတဲ့အတွက် အခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီး၊ ရ/သုံးငွေစာရင်း ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာရေးကော်မတီအနေနဲ့ သက်ဆိုင်ရာစစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးဖြစ်ပါတယ်။ အဲဒီတွေ့ရှိချက်တွေကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ချထားပေးတဲ့ ကျေးလက်ဆေးပေးခန်းနှင့် ကျောင်းအဆောက်အဦများဖြစ်ပါတယ်။ အဆိုရှင်အဆိုပြုထားတဲ့ လုပ်ငန်းလမ်းညွှန်မှာ၊ တင်ဒါခေါ်ယူရာမှာ တင်ဒါနဲ့ပတ်သက်ပြီး တင်ဒါများကို စစ်ဆေးခြင်းနှင့် နှိုင်းယှဉ်သုံးသပ်အကဲဖြတ်ခြင်း၊ တင်ဒါတင်သွင်းသူများအား ကြိုတင်အရည်အသွေးစစ်ဆေးခြင်း၊ ကန်ထရိုက်လုပ်ငန်းများ သတ်မှတ်ထားတဲ့ အရည်အသွေးပြည့်မီမှုရှိ/မရှိစစ်ဆေးခြင်း၊ အပြစ်ပေးအရေးယူခြင်းစတဲ့လုပ်ငန်းများပါရှိပြီး အဲဒီအချက်တွေကို လိုက်နာလုပ်ဆောင်မယ်ဆိုပါက တင်ဒါနဲ့ပတ်သက်ပြီးခေါ်ယူရာမှာ အမှားအယွင်းကင်းမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ထို့အပြင် တင်ဒါခေါ်ယူရာမှာလည်း စိတ်ဝင်စားသူအများသိရှိရန် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာရန်လိုအပ်ပါတယ်။ အခု ကျွန်တော်တို့အစိုးရလက်ထက် ဝန်ကြီးဌာနများမှ တင်ဒါခေါ်ယူရာမှာ စိတ်ဝင်စားသူအများ သိရှိရန် ကျယ်ကျယ်ပြန့်ပြန့်ကြော်ငြာတာကို မတွေ့ရပါဘူး။ စည်းမျဉ်းစည်းကမ်းအရ တင်ဒါလုပ်ငန်းတန်ဖိုးအနိမ့်ဆုံးနဲ့အမြင့်ဆုံးကြား တင်သွင်းတဲ့ကုမ္ပဏီကို ရွေးချယ်ချထားပေးရမှာဖြစ်သော်လည်းပဲ တင်ဒါလုပ်ငန်းတန်ဖိုးအနိမ့်ဆုံးအောက် တင်ဒါတင်သွင်းသူကို ရွေးချယ်ပြီးတော့ တင်ဒါလုပ်ငန်းချထားပေးခြင်း၊ ရွေးချယ်မယ့်တင်ဒါလုပ်ငန်းတန်ဖိုးနဲ့ ဒသမတောင်မလွဲအောင် တင်ဒါတန်ဖိုးတင်ပြသူကို တင်ဒါရွေးချယ်ပေးမှုဟာလည်း အံ့သြဖွယ်ကောင်းနေခြင်း၊ အစိုးရအဖွဲ့အား ငွေလှူဒါန်းမှုကြောင့် တင်ဒါလုပ်ငန်းများ ချထားပေးခြင်းများရှိနေတဲ့အတွက် လေလံဆွဲသူကုမ္ပဏီများအနေဖြင့် မကျေနပ်သဖြင့် Facebook မှာတင်ပြီး မကျေနပ်ချက်များဖော်ထုတ်ခြင်း၊ ဂျာနယ်စာစောင်မှာ ထည့်သွင်းပြီးတော့မှ တင်ဒါများကို မကျေနပ်ကြောင်း ဝေဖန်ဖော်ထုတ်မှုများကို တွေ့ရပါတယ်။ ယခုအခါမှာ

၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘတ်ဂျက်နဲ့ တိုင်းဒေသကြီးဘတ်ဂျက်များ အတည်ပြုပြီးပါက အစိုးရသစ်လက်ထက် သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများအနေနဲ့ ဒုတိယအကြိမ် တင်ဒါများခေါ်ယူရတော့မှာဖြစ်ပါတယ်။ အဲဒီအခါမှာ ပြည်သူလူထုအကျိုးပြည်သူ့မျက်နှာကိုကြည့်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနလုပ်ငန်းလမ်းညွှန်အတိုင်း တင်ဒါများဆောင်ရွက်ရင်း ပြည်သူကို ကျေးဇူး ဆပ်ကြပါရန်တိုက်တွန်းရင်း ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို ရိုသေစွာ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံပါ။ ကျွန်တော့်အနေနဲ့ ပျဉ်းမနားမဲဆန္ဒနယ်က ဦးသန်းစိုးအောင်တင်တဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေး သွားမှာဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် ဦးသန်းစိုးအောင်ရဲ့အဆိုကို အပြည်အစုံ ကျွန်တော်မဖတ်ပြတော့ပါဘူး။ လိုရင်းကတော့ အခုလက်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကျင့်သုံး နေတဲ့ ကန်ထရိုက်နဲ့ပတ်သက်တဲ့ လုပ်ငန်းလမ်းညွှန်ချက်ဆိုတာကြီးကို တစ်တိုင်းပြည်လုံးအတိုင်းအတာ နဲ့သုံးစွဲဖို့ပဲ ဖြစ်တယ်လို့ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်တို့လက်ရှိအစိုးရအနေနဲ့ စီးပွားရေး မူဝါဒအရ တည်ဆောက်မှုနဲ့ ရောင်းဝယ်မှုလုပ်ငန်းများ အများအပြားကို ကန်ထရိုက်စနစ်နဲ့လုပ်မယ်၊ အထူးကျွမ်းကျင်မှုလိုအပ်တဲ့ လုပ်ငန်းများမှအပ ကျန်တဲ့လုပ်ငန်းများကို ကန်ထရိုက်စနစ် သို့မဟုတ် ပူးတွဲကန်ထရိုက်စနစ်နဲ့လုပ်သွားမယ်လို့ သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆောက်မှုနဲ့ ရောင်းဝယ်ရေးတင်ဒါနှစ်ခုရှိရာမှာ ကျွန်တော့်အနေနဲ့ တည်ဆောက်မှုအပိုင်းကိုပဲ ဖော်ပြပေးဆွေးနွေး သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ လုပ်ငန်းလမ်းညွှန်ချက်ပေါ်ပေါက်ရတဲ့အကြောင်းကတော့ အမှန် ကတော့ ကန်ထရိုက်စနစ်နဲ့ပတ်သက်လို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်ဖို့လိုပါ တယ်။ ဒီမထုတ်ပြန်မီကာလမှာ ဒီလုပ်ငန်းလမ်းညွှန်ချက်ကို ယာယီအားဖြင့် သုံးစွဲဖို့ဖြစ်ပါတယ်။ သို့သော် တစ်ခုဒီနေရာမှာအားနည်းတာကတော့ လမ်းညွှန်ချက်ဖြစ်တဲ့အတွက် Binding မရှိပါဘူး။ ဥပဒေလို အရေးယူလို့မရတဲ့သဘောရှိပါတယ်။ ကန်ထရိုက်စာချုပ်စည်းကမ်းအရသာ အရေးယူဖို့ ရှိပါတယ်။ ဆိုတော့ အဲဒီမှာ ကန်ထရိုက်စနစ်လုပ်တဲ့ရည်ရွယ်ချက်ကတော့ စရိတ်သက်သာဖို့ရယ်၊ အရည် အသွေးပြည့်ဝဖို့ရယ်၊ မသမာမှုကို ကာကွယ်ဖို့ရယ် စသည်အားဖြင့် ရှေ့ကလူတွေ

တင်ပြသွားပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လမ်းညွှန်ချက်နဲ့ပတ်သက်လို့ လမ်းညွှန်ချက်ပေါ်ပေါက်လာပုံကိုကြည့်တဲ့အခါမှာ ပထမဦးစွာ ပညာရှင်များပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို ဖြတ်သန်းပါတယ်။ နောက် ရှေ့နေချုပ်ရုံး။ ဒါကတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စီးပွားရေးရာကော်မတီကို ဖြတ်သန်းပါတယ်။ ပြီးတော့မှ နိုင်ငံတော်သမ္မတရုံးကိုတင်ပြပြီးမှ အတည်ပြုချက်ရယူခဲ့ပါတယ်။ အခုတစ်ခါ လွှတ်တော်ကိုတင်ပြပြီး အတည်ပြုချက်ရယူရမှာဖြစ်တယ်လို့ နားလည်ပါတယ်။ တစ်ခုထူးခြားတာက ဒီလမ်းညွှန်ချက်ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ကနေစလို့ ကျင့်သုံးလာရာမှာ အောက်ခြေအဖွဲ့အစည်းတွေ အဆိုရှင်တင်ပြတဲ့အတိုင်း လိုက်နာဆောင်ရွက်မှုအားနည်းတယ်။ တိတိကျကျလိုက်နာဖို့လိုတယ်။ တစ်ရွာတစ်ပုဒ်စ ဖြစ်နေတယ်ဆိုတဲ့သဘော မှတ်ချက်ပေးထားတာတွေ့ရပါတယ်။ ဒီလို အဆင့်ဆင့်စိစစ်ပြီးခါမှ ထွက်ပေါ်လာတဲ့လမ်းညွှန်ချက်ကိုမှ မလိုက်နာရင် ကျွန်တော်တို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းလာရင်ရော လိုက်နာကြပါ့မလားစဉ်းစားစရာရှိပါတယ်။ ဒါဟာ လမ်းညွှန်ချက်မှာပါတဲ့ သတ်မှတ်ချက်တွေမကောင်းလို့တော့ ကျွန်တော်မဟုတ်နိုင်ဘူးလို့ထင်ပါတယ်။ လိုက်နာအကောင်အထည်ဖော်တဲ့ လူတွေရဲ့အားနည်းချက်ကြောင့်ဖြစ်တယ်လို့မြင်ပါတယ်။ လမ်းညွှန်ချက်ကို ကျွန်တော် သေချာချာ လေ့လာကြည့်တဲ့အခါကျတော့ တော်တော်လေးကောင်းတာကိုတွေ့ရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ စံချိန်စံညွှန်းနဲ့ပတ်သက်လို့ Myanmar National Building Code ကန်ထရိုက်ရွေးချယ်တဲ့စနစ်နဲ့ပတ်သက်လို့ Departmental Code လို့ ခေါ်တဲ့ D Code ပေါ့။ ငွေစာရင်းနဲ့ပတ်သက်လို့ A Code။ ဒါတွေဟာ အစဉ်အဆက်ကျင့်သုံးလာတဲ့ ဌာနဖြစ်လို့ ဒီဟာတွေကို ကျင့်သုံးလို့ရှိရင်တော့ အမှားအယွင်းနည်းနိုင်တယ်လို့ထင်တဲ့အတွက် ကျွန်တော်ထောက်ခံရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ တင်ဒါခေါ်ယူတဲ့အခါမှာလည်း အဲဒီ လုပ်ငန်းလမ်းညွှန်ချက်ထဲမှာ လိုက်နာရမယ့်အချက်အလက်တွေ၊ တင်ဒါရွေးချယ်ရေးစနစ်တွေ၊ ကန်ထရိုက်လုပ်ငန်းများ အရည်အချင်းရှိ/မရှိ Quality Control စစ်ဆေးတာတွေ၊ ဒဏ်ကြေးတွေ ပေးဆောင်စေတာတွေ၊ အပြစ်ပေးအရေးယူခြင်းစတာတွေ ပြည့်စုံစွာပါပါတယ်။ ဒီအထဲကမှ ကျွန်တော် အချက်အချို့ကို ထုတ်နုတ်အကြံပြုသွားမှာဖြစ်ပါတယ်။ ပထမဦးစွာတင်ပြလိုတဲ့ အချက်ကတော့ ကန်ထရိုက်လုပ်ငန်းစဉ်မစတင်မီက ဖြစ်ပွားခဲ့တဲ့အချက်ဖြစ်ပါတယ်။ ဒါကတော့ ကန်ထရိုက်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ပေးတဲ့နေရာမှာ ဖောင်းပွနေတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အခြေအနေကို ဥပမာပေး၍ တင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်မှာ ၂၀၁၆-၂၀၁၇ မှာ မှတ်ပုံတင်ကန်ထရိုက်တာ ၆၀၀ ကျော်အထိ ရှိနေပါတယ်။ ဒါဟာ

များပြားလွန်းတဲ့ အရေအတွက်ပါ။ နေပြည်တော်မှာရှိတဲ့ သက်ဆိုင်ရာဌာနတွေက ကန်ထရိုက်အဖြစ် မှတ်ပုံတင်ရရှိလာသူတွေထဲမှာ ကျွမ်းကျင်ပညာရှင်နဲ့ ကျွမ်းကျင်လုပ်သားတွေ နည်းပါးတာ၊ စက်ယန္တရားတွေ၊ ငွေကြေးအရင်းအနှီးတွေ မပြည့်စုံတာတွေကြောင့် တစ်ဆင့်ရောင်းစားပြီး Subcontract ပေးတာတွေ တွေ့နေရပါတယ်။ တကယ်လို့ ကျွန်တော်တို့ အရင်တုန်းက ကျင့်သုံးခဲ့တဲ့ လေလံစနစ်တို့၊ တင်ဒါစနစ်တို့ဆိုတဲ့နေရာမှာ အဓိကကျတဲ့ အချက်တစ်ချက်ရှိပါတယ်။ အဲဒါဘာလဲ ဆိုတော့ လေလံစနစ်နဲ့ တင်ဒါစနစ်ကို ဆွဲဝယ်တဲ့လူသည် ကိုယ်တိုင်လုပ်ကိုင်တဲ့လူဖြစ်ရမယ်ဆိုတဲ့ အချက်ပါ။ ဒီအချက်ကိုကိုင်ထားရင် ကျွန်တော်တို့ တစ်ဆင့် Subcontract ပေးလို့မရပါဘူး။ ဒီတစ်ချက်ကို စွဲစွဲမြဲမြဲ ထည့်သွင်းဖော်ပြဖို့လိုပါတယ်။ ဒီလမ်းညွှန် ချက်ထဲမှာ ကျွန်တော် မတွေ့ရပါဘူး။ နောက်တစ်ချက်ကတော့ Contractor လုပ်ငန်းကို ဆွဲဝယ်ပြီးတဲ့ နောက်မှာ အပေးအယူလုပ်ပြီးတော့မှ တစ်ဆင့်ရောင်းစား အမြတ်ထုတ်နေကြတာကို ဘယ်လိုတားဆီးမလဲဆိုတာ လမ်းညွှန်ချက်ထဲမှာ ထည့်သွင်းရေးဆွဲဖို့လိုပါတယ်။ နောက်တစ်ချက်ကတော့ ကန်ထရိုက်စည်းကမ်းဖောက်ဖျက်မှုတွေ ကြောင့် Blacklist နာမည်ဖျက်စာရင်းသွင်းပြီးခါမှ နောက်နှစ်မှာ မဆွဲဝယ်ဖို့တားမြစ်ထားတာမျိုးတွေ ရှိပါတယ်။ ဒါပေမဲ့ အဲဒီ နာမည်ဖျက်စာရင်းဝင်တဲ့ပုဂ္ဂိုလ်ကို ဖယ်ရှားပြီးတော့မှ အမည်တစ်မျိုးနဲ့ ဒီလူပါပဲ။ အမည်တစ်မျိုးနဲ့ ပြောင်းလဲမှတ်ပုံတင်ကြတာကို တွေ့ရပါတယ်။ လုပ်ကိုင်ဖူးတဲ့လုပ်ငန်း တွေကို ပြပါဆိုတဲ့အခါမှာလည်း သူများလုပ်ငန်းတွေကို မှတ်ပုံတင်ဓာတ်ပုံရိုက်ပြီးပြပါတယ်။ မှတ်ပုံ တင်ယူလာပါတယ်။ ဒီလိုဟာမျိုးရှိနေတဲ့ဥစ္စာကိုလည်း ကျွန်တော်တို့ စိစစ်ထိန်းသိမ်း ကျွန်တော်တို့ လမ်းညွှန်ချက်ထဲမှာ ထည့်သွင်းဖို့လိုပါတယ်။ နောက်တစ်ချက်က တင်ဒါခေါ်ယူရာမှာ ဈေးနှုန်း တင်သွင်းလွှာလို့ခေါ်တဲ့ Bill of Quantities တွက်ချက်ရာမှာ တိုက်ရိုက်သုံးတဲ့ပစ္စည်း၊ တိုက်ရိုက် သုံးတဲ့လုပ်အားခ၊ စက်ယန္တရားကုန်ကျတဲ့အပြင် ကန်ထရိုက်တွေအတွက် အသေးဖွဲ့အသုံးစရိတ်ကအစ ကန်ထရိုက်အတွက် အမြတ် ၁၀ ရာခိုင်နှုန်း တရားဝင်ထည့်သွင်းတွက်ချက်ပြီး ဖြစ်ပါတယ်။ ဒါဆိုရင် Contractor အတွက် သင့်တင့်တဲ့အကျိုးအမြတ်ရရှိပြီးဖြစ်လို့ တခြားအပိုစတာတွေကို မမျှော်လင့် သင့်ပါဘူး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးနှင်းစိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ဖြစ်ပါ တယ်။ ပျဉ်းမနားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်ရဲ့အဆိုကို အကြံပြု ဆွေးနွေးသွားပါမယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တည်ဆောက်ရေးတင်ဒါလုပ်ငန်းစဉ်တွေရဲ့ အားနည်းချက်အချို့ကို သုံးသပ်ဆွေးနွေးသွားမှာဖြစ်ပါ တယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးနေတဲ့ တင်ဒါစနစ်ကို ကြည့်မယ်ဆိုလို့ရှိရင် Power Point မှာ တင်ပြတဲ့အတိုင်း သုံးမျိုးရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ ဖွံ့ဖြိုးရေးစီမံကိန်းအများစုကို Design Build Method အကောင်အထည်ဖော်တာဖြစ်ပါတယ်။ Design Build Method ဆိုတာ လုပ်ငန်းအပ်နှံသူအစိုးရဌာနမှ Architectural and Structural Design များ ကြိုတင်ရေးဆွဲ ထားပြီးမှ တင်ဒါယှဉ်ပြိုင်သူမှ ယင်း Design များအရ တင်ဒါတင်သွင်းခြင်းဖြစ်ပါတယ်။ ၎င်းနည်းလမ်းအရ တင်ဒါတည်ဆောက်ရေးလုပ်ငန်းစဉ်တစ်ခုကို ပုံဖော်ကြည့်မယ်ဆိုလို့ရှိရင် Power Point မှာ တင်ပြတဲ့အတိုင်း လုပ်ငန်းစဉ်(၇)ရပ် ဆက်စပ်ပါဝင်နေတာတွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေမှာ လုပ်ငန်းအပ်နှံသူဌာနများမှာ တာဝန်ယူလုပ်ဆောင်တဲ့ အကြိုအင်ဂျင်နီယာ လုပ်ငန်းများလုပ်ဆောင်ခြင်း၊ Architectural and Structural Design များရေးဆွဲခြင်း၊ လုပ်ငန်း တာဝန်တိုးချဲ့ခြင်း၊ ကြမ်းခင်းသတ်မှတ်ခြင်းဆိုတဲ့အဆင့်ဟာ အရေးကြီးဆုံးအဆင့်ဖြစ်ပါတယ်။ ၎င်းလုပ်ငန်းစဉ်များ တိကျမှန်ကန်မှသာ မှန်ကန်သောကုန်ကျစရိတ်ဖြစ်လာမည့်အပြင် အရည်အသွေး ပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းများ ဖြစ်ပေါ်လာနိုင်မှာဖြစ်ပါတယ်။ အကြိုအင်ဂျင်နီယာ လုပ်ငန်းများပြုလုပ်ဆောင်ရွက်ခြင်းမရှိဘဲ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း မတူညီသောဒေသ များတွင် တူညီသောလုပ်ငန်းများအတွက် တူညီသောကြမ်းခင်းဈေးသတ်မှတ်၍ ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ရန်လိုအပ်ပါတယ်။ ထိုနည်းတူစွာ နေရာဒေသလည်းတူတယ်၊ လုပ်ငန်းလည်းတူတယ်ဆိုပြီး တူညီသော လုပ်ငန်းတန်ဖိုးသတ်မှတ်ခြင်း၊ ကြမ်းခင်းဈေးသတ်မှတ်ခြင်းမျိုးလည်း မပြုလုပ်သင့်ပါဘူး။ အကြို အင်ဂျင်နီယာလုပ်ငန်းမှရရှိလာသော မှန်ကန်သော ဒီဇိုင်းတွင်သာအခြေခံ၍ လုပ်ငန်းတန်ဖိုးကို သတ်မှတ်တွက်ချက်သင့်ပါတယ်။ ဥပမာအားဖြင့် အဆောက်အဦအမျိုးအစားတူသော်လည်း မြေမြင့် နေရာမှာဆောက်လုပ်သောလုပ်ငန်းနှင့် မြေနိမ့်နေရာမှာဆောက်လုပ်သော လုပ်ငန်းတို့ Structure Design ပုံစံများမတူသလို မြေကြီးလုပ်ငန်းကြောင့်လည်း အဆောက်အဦနှစ်ခုရဲ့ လုပ်ငန်းတန်ဖိုး မတူညီနိုင်ပါ။ ထို့အတူ လမ်းအမျိုးအစားတူသော်လည်း တောင်များကိုဖြတ်၍ဖောက်သောလုပ်ငန်းနှင့်

ကွင်းပြင်ကိုဖြတ်၍ဖောက်လုပ်ရသောလုပ်ငန်း Road Design ပုံစံများမတူသလို မြေကြီးလုပ်ငန်းကြောင့် လမ်းနှစ်ခုရဲ့ လုပ်ငန်းတန်ဖိုးလည်းမတူညီနိုင်ပါ။

သို့ဖြစ်ပါ၍ အကြိုအင်ဂျင်နီယာလုပ်ငန်းမပြုလုပ်ဘဲ ပျမ်းမျှသဘောဖြင့် လုပ်ငန်းတန်ဖိုးများသတ်မှတ်ခြင်း၊ ကြမ်းခင်းဈေးများသတ်မှတ်ဆောင်ရွက်ခြင်းသည် အချို့သောလုပ်ငန်းများအတွက် အကျိုးဝင်လုပ်ဆောင်နိုင်သော်လည်း အချို့သောလုပ်ငန်းများအတွက် လုပ်ငန်းတစ်ခုလုံးအရည်အသွေးကို ပြီးစီးစေပြီး တိုင်းပြည်ရဲ့ဘဏ္ဍာငွေများစွာဆုံးရှုံးနစ်နာနိုင်ပါတယ်။ ထို့အပြင် ဒေသခံပြည်သူလူထုရဲ့ အစိုးရပေါ်ယုံကြည်မှုများလည်း ရုတ်လျော့စေကြောင်း တွေ့ရှိရပြီး ပေးကားပေး၏ မရဆိုသည့်အနေအထားမျိုးကို ရောက်စေသဖြင့် အထူးသတိချပ်ဆောင်ရွက်သင့်ပါတယ်။ တင်ဒါခေါ်ယူရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တင်ဒါခေါ်ယူရေးလုပ်ငန်းလမ်းညွှန်မှာ တင်ဒါခေါ်ယူရေးကုမ္ပဏီလိုက်နာနိုင်ဖို့ အချက်အလက်များကမ်းလှမ်းထားပါတယ်။ တင်ဒါကုမ္ပဏီမှာပါဝင်တဲ့အင်ဂျင်နီယာများ၏သက်တမ်း၊ လုပ်ငန်းအတွေ့အကြုံ၊ စက်ယန္တရားများသုံးစွဲနိုင်မှု၊ ငွေကြေးလည်ပတ်မှု၊ ယခင်အတွေ့အကြုံများ နာမည်ပျက်စာရင်းတွင်ပါဝင်ခြင်းရှိ/မရှိ။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုကုမ္ပဏီ၏အဆင့်အတန်းစသည်ဖြင့် အချက်အလက်များတိကျစွာ ပြဋ္ဌာန်းထားသော်လည်း လက်တွေ့တင်ဒါရွေးချယ်ရာမှာ အကြောင်းကြောင်းကြောင့် စိစစ်မှုအားနည်းကာ ခွင့်ပြုပေးခဲ့မှုများ ရှိနေနိုင်ပါတယ်။ အချက်အလက်အားလုံးပြည့်စုံသော Contractor များဖြစ်ဖို့ဆိုတာ လက်တွေ့မှာကန့်သတ်ချက်များရှိနေဆဲဖြစ်ပါတယ်။ ငွေကြေးပိုင်ဆိုင်မှု၊ စက်ယန္တရားများပိုင်ဆိုင်မှုရှိ/မရှိစစ်ဆေးရန် ခက်ခဲမှာဖြစ်သလို အတွေ့အကြုံရှိအလုပ်ကြီးကြပ်များ၊ ကျွမ်းကျင်လုပ်သားများအဖြစ် အခြေခံကျကျဖွဲ့စည်းထားတာကို မြေပြင်မှာ အမှန်တကယ်ကွင်းဆင်းစစ်ဆေးဖို့အားနည်းချက်တွေရှိနေပါတယ်။

Quality Control အတွက် ခေတ်မီအင်ဂျင်နီယာအထောက်အကူပစ္စည်းများသုံးစွဲနိုင်မှုသို့မဟုတ် ဓာတ်ခွဲခန်းအသုံးပြုနိုင်မှုကိုလည်း Contractor အရည်အချင်းတစ်ရပ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းသင့်ပါတယ်။ လုပ်ငန်းအရည်အသွေးပြည့်မီစွာ အကောင်အထည်မဖော်နိုင်ခြင်းရဲ့အားနည်းချက်ကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် Power Point မှာတင်ပြထားတဲ့အတိုင်း Contractor များရဲ့အားနည်းချက်ကို ထင်ထင်ရှားရှားတွေ့ရှိရမှာဖြစ်ပါတယ်။ တင်ပြပါအားနည်းချက်တွေဟာ လုပ်ငန်းအရည်အသွေးကို အဓိကထိခိုက်လေ့ရှိစေသောအကြောင်းအရာများဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

Contractor များနည်းတူ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့တွင်လည်း အားနည်းချက်များဖြစ်ပေါ် လေ့ရှိကြောင်း Power Point မှာတင်ပြတဲ့အတိုင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အချိန်မီမကြီးကြပ်နိုင်တာ၊ ကျွမ်းကျင် အင်ဂျင်နီယာများ ပြည့်စုံစွာမပါဝင်နိုင်တာ စသည်ဖြင့် အားနည်းချက်များရှိနိုင်တာဖြစ်ပါ တယ်။ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ရဲ့ အရည်အသွေးပြည့်ဝစွာပြီးစီးကြောင်း ထောက်ခံချက်ဖြင့်သာ အစိုးရ၏ လုပ်ငန်းငွေပေးချေမှုကို Contractor တစ်ဦးက လက်ခံရရှိတာဖြစ်ပါတယ်။ လုပ်ငန်း လမ်းညွှန်ပါ ငွေပေးချေမှုစနစ်နှစ်မျိုးပြဋ္ဌာန်းထားပါတယ်။ ပထမစနစ်ကတော့ လုပ်ငန်းပမာဏရဲ့ ၂၅ ရာခိုင်နှုန်းကို Contractor မှငွေကြေးစိုက်ထုတ်၍ ဆောင်ရွက်ပြီးတိုင်း အစိုးရမှပေးချေရခြင်းဖြစ်ပါ တယ်။ ငွေကြေးတောင့်တင်း သည့် Contractor များကို အသာစီးရရှိစေသော်လည်း ငွေကြေး အင်အားနည်းပါးသော Contractor များမှာ ပြင်ပအဖွဲ့အစည်းများ၊ ဘဏ်များမှ အတိုးဖြင့် ငွေချေး သုံးစွဲရသဖြင့် ၎င်းကိုကာမိစေရန်အတွက် တင်ဒါစည်းမျဉ်းသတ်မှတ်ချက်များအတိုင်း အသုံးပြုခြင်း မရှိဘဲ ပစ္စည်းအရည်အသွေးပေါ်လျှော့၍ လုပ်ဆောင်သဖြင့် လုပ်ငန်းအရည်အသွေးပေါ် ထိခိုက် နစ်နာနိုင်သော အားနည်းချက်များရှိပါတယ်။ ပစ္စည်းငွေရာခိုင်နှုန်း ၂၅ ရာခိုင်နှုန်းအောက်လျှော့၍ ငွေပေးချေသောစနစ်ကို ပြောင်းလဲသင့်ပါတယ်။ ဒုတိယစနစ်မှာ လုပ်ငန်းစသည်နှင့် ကြိုတင်ငွေ ၂၀ ရာခိုင်နှုန်းအောက်စတင်ထုတ်ပေးပြီး နောက်ပိုင်းကျမှ လုပ်ငန်းပြီးစီးမှုပေါ်လိုက်၍ ငွေကြေးထပ်၍ ထုတ်ပေးသောစနစ်ဖြစ်ပါတယ်။ ငွေကြေးအင်အားနည်းပါးသော Contractor များအတွက် အဆင်ပြေသောနည်းစနစ်ဖြစ်ပါတယ်။ ကြိုတင်ငွေထုတ်ပေးထားသဖြင့် ငွေကြေးလိမ်လည်မှုများ မဖြစ်စေရန် Contractor ၏ခိုင်မာမှုသည် အလွန်အရေးကြီးပါတယ်။ အပြန်အလှန်ထိန်းချုပ်သည့် စနစ်ကိုလည်း စနစ်တကျကျင့်သုံးရန် လိုအပ်ပါတယ်။ စံချိန်စံညွှန်အမီ ဆောက်လုပ်မှုတစ်ခုဖြစ်ရန်၊ အရည်အသွေးပြည့်ဝသော ဆောက်လုပ်ရေးပစ္စည်းများကို သတ်မှတ်ချက်အတိုင်းအသုံးပြုရန် လိုအပ် ပါတယ်။ လုပ်ငန်းလမ်းညွှန်တွင် အစိုးရဝယ်ယူရေးတင်ဒါ၏ ရွေးချယ်မှုသတ်မှတ်ချက်များ ပြဋ္ဌာန်း ထားသော်လည်း တင်ဒါအောင် Contractor ၏ တင်သွင်းလာသော ပစ္စည်းများလက်ခံရာတွင် ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ မည်ကဲ့သို့ဖွဲ့စည်းမည်၊ ပစ္စည်းအရည်အသွေးအား မည်ကဲ့သို့ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးမည်ကို ဖော်ပြထားခြင်းမရှိသည့်အတွက် ဖြည့်စွက်ကာ ထည့်သွင်းပြဋ္ဌာန်းသင့် ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဈေးကွက်အတွင်းရှိဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ရေမိလ္လာပစ္စည်းများ၏ အရည်အသွေးကိုလည်း စစ်ဆေး၍ အဆင့်အတန်းထုတ်ပြန်ခြင်း၊ အသုံးပြုရန်သင့်/မသင့်ထုတ်ပြန်

ခြင်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ပါတယ်။ လုပ်ငန်းများတွင် သတ်မှတ်ဆောက်လုပ်ရေးပစ္စည်းများမသုံးစွဲခြင်း သို့မဟုတ် အရည်အသွေးမမီသော ပစ္စည်းများမသုံးစွဲခြင်းအတွက် အရေးယူအပြစ်ပေးမည့်အချက်အလက်များကိုလည်း ထည့်သွင်းပြီးတော့မှ ပြဋ္ဌာန်းထားသင့်ပါတယ်။ လုပ်ငန်းများအရည်အသွေးပြည့်ဝလာဖို့ တည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာဖို့ဆိုတာ အစိုးရတွင်သာတာဝန်ရှိသည်မဟုတ်ဘဲ တည်ဆောက်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်မှာပါဝင်နေတဲ့ အဖွဲ့အစည်းအားလုံးမှာ တာဝန်ရှိပါတယ်။ ထို့အတူ ဆောင်ရွက်သည့်ကုမ္ပဏီများ၏ ငွေကြေးအကျိုးအမြတ်ကို အလွန်အကျွံအလေးမထားဘဲ လုပ်ငန်းပေါ်စေတနာထားမှုမှာလည်း လွန်စွာအရေးကြီးကြောင်းတွေ့ရှိရပါတယ်။ လုပ်ငန်းလမ်းညွှန်ကိုလည်း ယခုထက်ပိုမိုပြည့်စုံအောင်ရေးဆွဲရန်လိုအပ်သကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်းများအပေါ် ဥပဒေစည်းနှောင်မှုအားကောင်းရန် လွှတ်တော်ကိုယ်စားလှယ်များမှလည်း ကျွမ်းကျင်သည့်ပညာရှင်များပါဝင်သောအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ နည်းလမ်းရှာဖွေ၍ လိုအပ်ပါက ဥပဒေတစ်ရပ်ပြဋ္ဌာန်းကာ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရင်းနိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ပျဉ်းမနားမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင် တင်သွင်းတဲ့အဆိုအပေါ်မှာ အကြံပြုချက်များနှင့်တကွ ထောက်ခံသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအဆိုနဲ့တူညီတဲ့မေးခွန်းတစ်ခုကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့ပြီးသားဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း လုပ်ငန်းလမ်းညွှန်ကို အသစ်ဖြည့်စွက်ချက်များနှင့် ဒုတိယအကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ယခင်ကထက် ပိုမိုပြည့်စုံလာပြီဖြစ်သော်လည်း အပိုဒ် ၃ မှာ ကျွမ်းကျင်သူများ၊ တာဝန်ရှိသူများမှ တွေ့ရှိချက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနအား ဆက်လက်အကြံပြုကြပါရန် ဖိတ်ခေါ်ထားသည်ကိုလည်း တွေ့ရှိရတဲ့အတွက် ယခုကဲ့သို့ အဆိုအား အကြံပြုချက်များနှင့် ထောက်ခံတင်ပြရခြင်းဖြစ်ပါတယ်။ အပိုင်း(၃)ပိုင်း၊ အပိုဒ်ပေါင်း ၄၄ ပိုဒ်ပါရှိတဲ့ လုပ်ငန်းလမ်းညွှန်ထဲမှာ အချက်အလက်တွေ ပါဝင်နေပေမယ့် အချို့သောဝန်ကြီးဌာနများဟာ လက်တွေ့ဆောင်ရွက်တဲ့နေရာမှာ လိုက်နာခြင်းမရှိတဲ့အချက်တွေ၊ လုပ်ငန်းလမ်းညွှန်ထဲမှာပါဝင်တဲ့ အချို့သောအချက်အလက်တွေကို ပြင်ဆင်ပယ်ဖျက် ဖြည့်စွက်လိုတဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေး

ရခြင်းဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ တင်ဒါဝင်ရောက်ယှဉ်ပြိုင်တဲ့အတွက် ပေးသွင်းရတဲ့ တင်ဒါအာမခံကြေးကိစ္စပဲဖြစ်ပါတယ်။ လုပ်ငန်းလမ်းညွှန်အပိုင်း(၂) အပိုဒ် ၂၀ မှာ တင်ဒါအာမခံကြေးအဖြစ် ခန့်မှန်းလုပ်ငန်းတန်ဖိုးရဲ့ တစ်ရာခိုင်နှုန်းကို ဗဟိုဘဏ်က အသိအမှတ်ပြုထားတဲ့ဘဏ်တစ်ခုခုမှာ ငွေပေးအမိန့်(Payment Order Cheque)ပြုလုပ်၍ သက်ဆိုင်ရာ ဘဏ္ဍာရေးဌာနသို့ အပ်နှံရမည်လို့ပါရှိပါတယ်။ ခန့်မှန်းလုပ်ငန်းတန်ဖိုးရဲ့ တစ်ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒါပေမဲ့ အချို့ဝန်ကြီးဌာနတွေက ငွေကြေးကိန်းဂဏန်းတစ်ခုသတ်မှတ်ပြီး တောင်းခံတာမျိုးတွေရှိသလို ကုမ္ပဏီသက်တမ်းနုနယ်တယ်ဆိုတဲ့အကြောင်းပြချက်နဲ့ နောက်ထပ် ၁၀ ရာခိုင်နှုန်းထပ်မံတောင်းခံတာမျိုးတွေလည်း တွေ့ရပါတယ်။ ဒါတွေဟာ အချို့ဝန်ကြီးဌာနတွေနဲ့ ၎င်းတို့ရဲ့လက်အောက်မှာရှိနေတဲ့ ဦးစီးဌာနတွေ၊ ဌာနခွဲတွေအားလုံးဟာ လုပ်ငန်းလမ်းညွှန်မှာ တိကျစွာရေးသားထားတာနဲ့အညီ တစ်ပြေးညီလိုက်နာကျင့်သုံးရမယ့်အချက်ကို မလိုက်နာတာပဲဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေရဲ့အဖြစ်ပျက်တစ်ခုကို နမူနာအနေနဲ့ ပြောပြရမယ်ဆိုရင် ကျေးလက်ဦးစီးဌာနအား ကျွန်တော်အထက်မှာ ဆွေးနွေးခဲ့သလိုပဲ ၁၀ ရာခိုင်နှုန်း ထပ်ဆောင်းတဲ့တောင်းခံမှုကို ဌာနတွင်းညွှန်ကြားချက်ရှိလို့ပါဆိုတဲ့အကြောင်းပြချက်နဲ့ အကြိမ်ကြိမ်ထည့်သွင်းခဲ့ပါတယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေအနေနဲ့လည်း ဌာနနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီးသွားတော့မှ အကြိမ်ကြိမ်ပယ်ဖျက်ခဲ့ရပါတယ်။ အဲဒီလိုမျိုး PO ကို တင်ဒါအာမခံကြေး ပိုမိုတောင်းခံမှုတွေ နောက်ထပ်မဖြစ်ပေါ်လာနိုင်ဖို့အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ တာဝန်ယူကြပ်မတ် ဆောင်ရွက်ပေးစေလိုပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ အဆောက်အအုံပုံစံ (Drawing)ကိစ္စဖြစ်ပါတယ်။ လုပ်ငန်းလမ်းညွှန်အပိုင်း(၂) အပိုဒ် ၁၁ မှာ Design Bid Build Method လုပ်ငန်းအပ်နှံသူကနေပြီးတော့ Agricultural and Structure ဒီဇိုင်းတွေကို ကြိုတင်ရေးဆွဲထားပြီးတော့ တင်ဒါယှဉ်ပြိုင်သူမှ ယင်းဒီဇိုင်းများအရ တင်ဒါတင်သွင်းခြင်းဆိုတာပါထားပြီးသားဖြစ်ပါတယ်။ ယင်းအပိုင်းမှာပဲ လုပ်ငန်းအပ်နှံသူမှ Agricultural Drawing, Structure Drawing တွေကို ကြိုတင်ရေးဆွဲထားပြီးသွားတော့ တင်ဒါယှဉ်ပြိုင်စေခြင်းသည် ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး လုပ်ငန်းဆောင်ရွက်ရာမှာ သွက်လက်မြန်ဆန်အကျိုးရှိမည်ဖြစ်သည်လို့ ရေးသားထားပါတယ်။ အဆောက်အအုံတစ်ခုရဲ့ Drawing တွေကို ရေးဆွဲခြင်းဆိုတာဟာ အင်မတန်မှငွေကုန်ကြေးကျများပါတယ်။ အဆောက်အအုံရဲ့အကျယ်အဝန်းနဲ့ ထုထည်ပေါ်မှာမူတည်ပြီးသွားတော့မှ Drawing ရေးဆွဲတဲ့ကုန်ကျစရိတ်တွေဟာ ကျပ်သိန်း ဆယ်ဂဏန်း၊ ရာဂဏန်းကနေပြီးတော့၊ ထောင်ဂဏန်းအထိကုန်ကျတာမျိုးတွေရှိပါတယ်။ ဒါကို တင်ဒါယှဉ်ပြိုင်တဲ့သူတွေက တစ်ဦးချင်းစီအလိုက် ရေးဆွဲနေစေခြင်းဟာ မလိုလားအပ်ဘဲနဲ့ အပိုကုန်ကျမှုတွေ ဖြစ်စေပါတယ်။ ဥပမာအားဖြင့် တင်ဒါယှဉ်ပြိုင်တဲ့သူက

၁၀ ဦးရှိပြီးသွားတော့မှ၊ အဲဒီကတည်းကမှ တင်ဒါအောင်မြင်သူဟာ တစ်ဦးသာဖြစ်တဲ့အတွက် Drawing ပုံစံတစ်ခုကိုပဲ အမှန်တကယ်အသုံးပြုတာပါ။ ဒီအတွက်ကြောင့်မို့လို့ ကျန်တဲ့ပုံစံကိုးခု အတွက် ကုန်ကျတဲ့ကုန်ကျငွေတွေမှန်သမျှဟာ အဟောသိကံဖြစ်သွားပါတယ်။ ဒါကြောင့် အဆောက် အအုံပုံစံကို လုပ်ငန်းအပ်နှံသူလိုချင်တဲ့အတိုင်း အတိအကျကြိုတင်ရေးဆွဲပြီးသွားတော့မှ တင်ဒါခေါ်ယူ မယ်ဆိုရင် အပိုကုန်ကျမှုတွေကိုလည်း ရှောင်ရှားနိုင်မယ့်အပြင် Drawing ပုံစံတွေကို လက်သိပ်ထိုး ကြိုတင်ပေးပြီးသွားတော့မှ ယှဉ်ပြိုင်စေတယ်ဆိုတဲ့ မလိုလားအပ်သောအဂတိလိုက်စားမှုတွေကိုပါ ထိန်းချုပ်ပြီးသားဖြစ်သွားပါလိမ့်မယ်။ လုပ်ငန်းလမ်းညွှန်ရဲ့ အပိုဒ် ၁၁ ထဲမှာပဲပါဝင်ပါတယ်။ အင်ဂျင်နီယာဝန်ထမ်းလုံလောက်စွာမရှိသော ဝန်ကြီးဌာနများအနေဖြင့် တည်ဆောက်မည့်ပုံစံကို ပြည်တွင်းပြည်ပမှ ဒီဇိုင်းပညာရှင်များတွင် ပုံစံကြိုတင်အပ်နှံနိုင်သည်လို့လည်း ပါရှိထားပြီးသား ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Design Bid Build Method အတိုင်း ဝန်ကြီးဌာနအားလုံး တပြေးညီ ဆောင်ရွက်ပေးနိုင်ပါရန်အတွက် တိုက်တွန်းလိုပါတယ်။ တတိယအချက်အနေနဲ့ ဆွေးနွေးလိုချင်တာ ကတော့ အောင်မြင်သောတင်ဒါများအတွက် ပေးသွင်းရမယ့်လုပ်ငန်းပြီးမြောက်မှုအာမခံချက် Performance Guarantee ပဲဖြစ်ပါတယ်။ လုပ်ငန်းလမ်းညွှန်ရဲ့အပိုဒ် ၂၁ မှာ တည်ဆောက်မှု ဆိုင်ရာတင်ဒါများအတွက် တင်ဒါတန်ဖိုးရဲ့ ၅ ရာခိုင်နှုန်း၊ ဝယ်ယူရေးဆိုင်ရာတင်ဒါလုပ်ငန်းများ အတွက် တင်ဒါတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းကို ဗဟိုဘဏ်ကအသိအမှတ်ပြုတဲ့ ဘဏ်တစ်ခုခုမှာ ဘဏ် အာမခံ Bank Guarantee ပြုလုပ်ပြီးတော့ ပေးသွင်းရမယ်လို့ ပါရှိပါတယ်။ Bank Guarantee လို့ တိတိကျကျဖော်ပြထားတာပါ။ ဒါပေမဲ့ လက်တွေ့မှာတော့ လုပ်ငန်းပြီးမြောက်မှုအာမခံ P.G ကို ငွေသားအဖြစ်ပဲပေးသွင်းနေရတာတွေကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ ကုမ္ပဏီလုပ်ငန်းရှင် အငယ်တွေက လုပ်ငန်းကိုကြိုတင်စိုက်ထုတ်လည်း အကောင်အထည်ဖော်ရမယ်။ ဒီကြားထဲမှာမှ P.G သတ်မှတ်နှုန်းကိုလည်း ငွေသားနဲ့ပဲ ပေးသွင်းထားရဦးမယ်ဆိုရင် လုပ်ငန်းအကောင်အထည်ဖော်တဲ့ နေရာမှာ ငွေကြေးလည်ပတ်မှုတွေ မမျှတတော့ဘဲနဲ့ လုပ်ငန်းကိုခိုတာ၊ ကပ်တာ၊ အရည်အသွေးပိုင်းမှာ ထိခိုက်လာနိုင်တာမျိုးတွေ ရှိနိုင်ပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း လုပ်ငန်းလမ်းညွှန်မှာဖော်ပြထားတဲ့အတိုင်း လုပ်ငန်းပြီးမြောက်မှုအာမခံ (Performance Guarantee) Bank Guarantee အဖြစ်သာထား ရှိစေဖို့ အတွက်ကို ကြပ်မတ်ဆောင်ရွက်သင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်တဲ့

တည်ဆောက်ရေးလုပ်ငန်းများကိစ္စပဲဖြစ်ပါတယ်။ ကန်ထရိုက်စနစ်နဲ့လုပ်ငန်းတွေကို အပ်နှံတဲ့နေရာမှာ တော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ အင်ဂျင်နီယာတွေပါဝင်တဲ့ အရည်အသွေးစိစစ်ရေးအဖွဲ့ (Q.C Teams) တွေဟာ အရည်အသွေးတွေ၊ စံချိန်စံညွှန်းတွေ မီမမီကို စစ်ဆေးပါတယ်။ ဒါပေမဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်တဲ့လုပ်ငန်းတွေမှာတော့ ဒီဝန်ကြီးဌာနကပဲ တည်ဆောက်၊ ဒီဝန်ကြီးဌာနမှာပါရှိတဲ့ အင်ဂျင်နီယာတွေကပဲ အရည်အသွေးစစ်ဆေးခြင်းတွေကို လုပ်ဆောင်နေတာကတော့ မသင့်တော်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဆောက်လုပ်ရေးဝန်ကြီး ဌာနက တာဝန်ယူအကောင်အထည်ဖော်တဲ့လုပ်ငန်းတွေအတွက်ဆိုရင်တော့ Third Party Q.C Teams တွေနဲ့ဆောင်ရွက်သင့်ကြောင်း၊ စစ်ဆေးသင့်ကြောင်းကို အကြံပြုတင်ပြလိုပါတယ်။ နောက်ဆုံးအချက်အနေနဲ့တော့ တိုးတက်ပြီးနိုင်ငံများမှာ လုပ်ငန်းအပ်နှံတဲ့အစိုးရနဲ့ တင်ဒါယှဉ်ပြိုင် သူတွေကြားမှာ ကန်ထရိုက်လုပ်ငန်းတွေကို တိကျခိုင်မာဖို့အတွက် ဥပဒေတွေထုတ်ပြန်သလို ကျွန်တော်တို့နိုင်ငံမှာလည်း ဥပဒေတွေလိုအပ်နေလျက်ရှိကြောင်းကို ပြောကြားရင်းနဲ့ ဦးသန်းစိုးအောင် ရဲ့အဆိုကို။

**ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော် ဆောက်လုပ်ရေးဝန်ကြီး ဌာနရဲ့ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေနဲ့တော့ နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသန်းစိုးအောင် တင်သွင်းတဲ့ ဆောက်လုပ်ရေးဌာနကရေးဆွဲထုတ်ပြန်ထားတဲ့ ကန်ထရိုက်စနစ်နဲ့ လုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ လိုက်နာဆောင်ရွက်ရမယ့်လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာန အားလုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အားလုံး လိုက်နာကျင့်သုံးပါရန် ကိစ္စနှင့်ပတ်သက်ပြီးတော့

ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒါကို ထောက်ခံပြီးဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကိုယ်စားလှယ်တော်ကြီးများ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ထုတ်ပြန်တဲ့ ကန်ထရိုက်စနစ်နဲ့ လုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာလိုက်နာရမယ့် လုပ်ငန်းလမ်းညွှန်ချက်နဲ့ပတ်သက်ပြီးတော့ တက်တက်ကြွကြွဝိုင်းဝန်းဆွေးနွေးပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးပဲကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားလိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ လမ်းညွှန်ကလည်း ပြည့်စုံတဲ့လမ်းညွှန်မဟုတ်သေးပါဘူး။ ဒါအပေါ်မှာလည်း ကျွန်တော်တို့အနေနဲ့ အကြံပြုချက်တွေလည်း ကနေ့ကြားသိရတဲ့အတွက်လည်း ဒီအပေါ်မှာလည်း ကျွန်တော့်အနေနဲ့ အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒီလို ကန်ထရိုက်လမ်းညွှန်တစ်ခုဖြစ်ဖို့ဆိုတာ ကျွန်တော်တို့ အရင်တုန်းကလည်းဆောင်ရွက်ခဲ့ဖူးပါတယ်။ ဆောင်ရွက်ခဲ့ပေမဲ့လည်း လိုက်နာမှုကတော်တော်လေးအားနည်းခဲ့ပါတယ်။ နောက်ပြီးတော့ တကယ်လုပ်တဲ့အခါမှာလည်း ကျွန်တော်တို့ လမ်းညွှန်ချက်ထဲမှာလည်း လိုအပ်တာတွေရှိတဲ့အတွက် ၂၀၁၄ ခုနှစ်တုန်းကထုတ်ပြန်ခဲ့တဲ့ လမ်းညွှန်ချက်အပေါ်မှာ တစ်ခါပြန်ပြီးတော့ သက်ဆိုင်ရာ ကမ္ဘာ့ဘဏ် နောက်ပြီးတော့ FIDIC စသဖြင့် ဒီလိုလုပ်ငန်းတွေမှာ ပိုပြီးတော့ အတွေ့အကြုံရှိတဲ့အဖွဲ့တွေ၊ ခုနကပြောတဲ့ Arbitration နောက်ပြီးတော့ ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်တဲ့အခါမှာ အငြင်းပွားမှု ဒါတွေနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ရတဲ့အခါမှာ ပိုပြီးပြည့်စုံအောင်ဆိုပြီးတော့ Contract and Construction Management Under FIDIC Civil Works Format ဒါတွေပါ ကျွန်တော်တို့ ပြန်လည်သုံးသပ်ပြီးတော့ Workshop တွေအခါခါလုပ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဒီဘက်အစိုးရတက်ပြီးတဲ့နောက်ပိုင်း ၁၄-၆-၂၀၁၆ မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကိုလည်း ဥပဒေပိုင်းဆိုင်ရာသဘောထားပေးခဲ့ပါတယ်။ မှတ်ချက်တွေရရှိခဲ့ပြီးတော့ စီးပွားရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၉/၂၀၁၆)မှာတင်ပြပြီးတော့ သမ္မတရုံးရဲ့ အမိန့်နဲ့ ဒါကို အားလုံးလိုက်နာဖို့ဆိုပြီးတော့ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းလမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီမှာ အားလုံးဆွေးနွေးနေတဲ့ကိစ္စတွေနဲ့ပဲပတ်သက်ပါတယ်။ ကျွန်တော်တို့ ဒီဘက်အစိုးရတက်လာတဲ့အခါမှာကျတော့ ဒီလုပ်ငန်းတွေမှာ ခုနက အားလုံးတင်ပြတဲ့အတိုင်းပါပဲ။ အားနည်းချက်တွေ အများကြီးတွေ့ပါတယ်။ အရာရာမှာ၊ အဘက်ဘက်မှာတွေ့ပါတယ်။ ဒီလိုကိုင်တွယ်တဲ့နေရာမှာ ကျွန်တော်တို့က တစ်ခုချင်းသွားကိုင်လို့မရပါဘူး။ ဒါတွေက ဆက်စပ်မှုတွေကအကုန်လုံးရှိနေပါတယ်။ တစ်ခုလုပ်ချင်ရင် နောက်တစ်ခုက လိုအပ်ပါတယ်။ ခုနတုန်းကပြောတဲ့ တင်ဒါကိစ္စ

လုပ်မယ်ဆိုရင် Contractor ပေါ့။ ခုနကကုမ္ပဏီလေးတွေ၊ ကုမ္ပဏီကြီးတွေ သူတို့ပါလာပါတယ်။ ဒီကုမ္ပဏီတွေကို အရေးကြီးတာက ဒီကုမ္ပဏီတွေမှာ အရေးကြီးပါတယ်။ ခုနကဖြစ်ပျက်နေတဲ့ ကိစ္စတွေမှာ အားလုံးပြန်သုံးသပ်မယ်ဆိုရင်တော့ မည်သူမဆို ကုမ္ပဏီမှတ်ပုံတင်ပြီးရင် ဆောက်လုပ်ရေး လုပ်ငန်း လုပ်လို့ရတယ်ဆိုတဲ့အနေအထားတစ်ခုမှာ၊ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကိုတင်ဒါခေါ်တဲ့ အခါမှာ မည်သူမဆို ဆောက်လုပ်ရေးလုပ်ငန်းလုပ်ရန်ဆိုတဲ့ရည်ရွယ်ချက်ထဲမှာပါရင် ဝင်လုပ်လို့ရပါ တယ်။ ဒီအပေါ်မှာ ကျွန်တော်တို့က ပြန်သုံးသပ်ပြီးတော့ ဒီလိုတော့မဖြစ်ဘူး။ ကျွန်တော်တို့ အားပေး ချင်ပါတယ်။ Private Sector ကို ကျွန်တော်တို့အားပေးချင်ပါတယ်။ Contractor တွေလည်း ကျွန်တော်တို့ အထူးအားပေးချင်ပါတယ်။

ဒီလိုအလုပ်တွေက အစိုးရအနေနဲ့ အသေးစိတ်တွေလိုက်လုပ်ဖို့ဆိုတာ မသင့်တော်ပါဘူး။ ကျွန်တော်တို့အဖွဲ့တွေဆိုတာ Regulate ပဲလုပ်ရမှာပါ။ လိုအပ်တဲ့ဟာတွေကို Regulation တွေဆွဲ၊ လုပ်ငန်းတွေအစဉ်ပြေအောင်လုပ်ပေး။ တကယ်လုပ်ရမှာကတော့ Contractor တွေပဲလုပ်ရမှာပါ။ ဒါကြောင့်မို့ Private Sector ကိုလည်း ကျွန်တော်တို့က အားပေးကိုပေးရမှာပါ။ ဒီလိုလုပ်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ခုနတုန်းကပြောတဲ့ကုမ္ပဏီလေးတွေကို ဘယ်လိုအားကောင်းအောင်လုပ်လာ မလဲ။ ကုမ္ပဏီလေးတွေအားကောင်းအောင်လုပ်ဖို့လိုပါတယ်။ ဒါကြောင့်မို့ ဒါတွေလုပ်ဖို့အတွက်ကျ တော့ အင်ဂျင်နီယာတွေ၊ ဘယ်လိုလူတွေနဲ့ဖွဲ့စည်းမလဲ။ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းတွေဖြစ် တဲ့အတွက် အင်ဂျင်နီယာတွေကတော့ အရေးကြီးတယ်။ အရေးကြီးတဲ့အတွက် ဘယ်လိုအင်ဂျင်နီယာ မျိုးတွေပါပြီးတော့ အဲဒီအင်ဂျင်နီယာတွေကို သူတို့ရဲ့လုပ်ပိုင်ခွင့်တွေ ကျွန်တော်တို့က ပေးထားပါ တယ်။ ဘယ်လိုအင်ဂျင်နီယာမျိုးကတော့ သုံးထပ်ဆောက်လို့ရတယ်။ ဘယ်လိုအင်ဂျင်နီယာမျိုးက တော့ ရှစ်ထပ်ဆောက်လို့ရတယ်။ ဘယ်လိုအင်ဂျင်နီယာမျိုးကတော့ ရှစ်ထပ်နှင့်အထက် စသဖြင့် တံတားတွေလည်း ဒီအတိုင်းပါပဲ။ အရှည် ဘယ်လောက်ဆောက်လို့ရတယ်၊ ဘယ်လောက်ခံနိုင်ဝန် ဆောက်လို့ရတယ် စသဖြင့်ပေါ့။ ဒီလိုတွေ ကျွန်တော်တို့က ဘက်စုံပြန်စဉ်းစားရပါတယ်။ စဉ်းစားတဲ့ အတွက် ကုမ္ပဏီမှာပါတဲ့အင်ဂျင်နီယာတွေ နံပါတ်(၁) မှတ်ပုံတင်တဲ့ System(Register Engineer) အခြေခံအကျဆုံး Register Engineer သုံးထပ်လောက်တော့ဆောက်လို့ရတယ်။ ဒီလိုအင်ဂျင်နီယာ တွေ ကျွန်တော်တို့ကစပြီးတော့ မှတ်ပုံတင်တဲ့စနစ်တွေလုပ်ရပါတယ်။ ဒီလိုလုပ်ဖို့ဆိုတာကလည်း ဥပဒေလိုပါတယ်။ ဥပဒေနဲ့လုပ်ရတဲ့အတွက် ခုနကပြောတဲ့ မြန်မာအင်ဂျင်နီယာကောင်စီဥပဒေဆိုတဲ့ ဒီအရေးကြီးတဲ့ဥပဒေကြီးကို ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြဋ္ဌာန်းပေးလိုက်တဲ့အတွက် အခုဆိုရင်

ခုနကပြောတဲ့တင်ဒါမှာ Professional Engineer ဖြစ်ရမယ်။ RSE ဖြစ်ရမယ်၊ RE ဖြစ်ရမယ်။ ဒီဟာတွေက ဒီပုဂ္ဂိုလ်တွေ၊ ဒီအင်ဂျင်နီယာတွေကို အင်ဂျင်နီယာကောင်စီကနေပြီးတော့ ကိုင်တွယ်ထားခြင်းပဲဖြစ်ပါတယ်။ သူတို့မှာလုပ်ငန်းကျွမ်းကျင်မှုရှိရမယ်။ ဒီလိုမှတ်ပုံတင်လက်မှတ်ဆိုတာ သူရဲ့နောက်ကွယ်မှာ သူတို့ရဲ့နံပါတ်ပါ ကျွန်တော်တို့ပေးထားပါတယ်။ တစ်ယောက်ချင်း၊ တစ်ဦးချင်းက မိမိဒီဇိုင်းလုပ်တဲ့ဟာ မိမိစိစစ်တဲ့လုပ်ငန်း မိမိမှာလုံးဝတာဝန်ရှိပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့ခုနကပြောတဲ့ Ethice ဆိုတာလည်းပါပါတယ်။ အင်ဂျင်နီယာသိက္ခာ၊ Professional သိက္ခာ ဒါတွေအပေါ်မှာလည်း ကျင့်ဝတ်တွေ၊ လိုက်နာမှုတွေ၊ Code of Conduct တွေ ဒါတွေကလည်း ဒီထဲမှာအကုန်လုံးပါဖို့လိုပါတယ်။ ဒါကြောင့်မို့ ကုမ္ပဏီလို့ပြောလိုက်တဲ့အခါမှာ ခုနကပြောတဲ့ ဦးဆောင်ပြီးလုပ်မယ့်၊ လုပ်ငန်းကိုအကောင်အထည်ဖော်မယ့် Executive လုပ်မယ့်လူ၊ Implement လုပ်မယ့်လူဒီလူတွေက ဘယ်လိုအရည်အသွေးနဲ့ရှိရမယ့်လူတွေလည်း၊ ဘယ်လိုကျင့်ဝတ်သိက္ခာနဲ့ရှိရမယ့်လူတွေလည်း ဒါတွေကလည်း လိုအပ်ချက်တစ်ခုဖြစ်တဲ့အတွက် ဒါကိုလည်း ကျွန်တော်တို့လုပ်နေပါတယ်။ အခုဆိုရင် Professional Engineer ၆၀၀ ကျော်လောက်ရပြီးတော့ တခြား RSE တွေလည်း ၃၀၀၀ ကျော်လောက်ရရှိပြီး ဖြစ်ပါတယ်။ ကုမ္ပဏီတွေလည်း အင်ဂျင်နီယာအသင်းမှာရော၊ အင်ဂျင်နီယာကောင်စီမှာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ စသဖြင့် စိစစ်တဲ့လုပ်ငန်းတွေ ကျွန်တော်တို့စတင်ဆောင်ရွက်နေပြီလည်း ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အထဲမှာ နောက်တစ်ခုက လိုတာတစ်ခုရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ဘယ်လိုပုံစံနဲ့ဆောက်မှာလဲ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အရင်တုန်းက ဘာစနစ်မှမရှိခဲ့ပါဘူး။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာနမူနဲ့ ဆောက်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေက သက်ဆိုင်ရာမူဝါဒနှင့် သူတို့ရဲ့ပုံစံတွေနဲ့ဆောက်ပါတယ်။ သို့သော် မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ အဆောက်အဦတွေဆောက်ဖို့အတွက်ကျတော့ ဘယ်မှာလဲ Standard ။ တစ်ခါမှမရှိခဲ့ပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီအစိုးရတက်လာတဲ့အခါမှာ ပထမဆုံး ကျွန်တော်တို့ဆောင်ရွက်တဲ့ကိစ္စကတော့ Myanmar National Building Code။ ဒါ မြန်မာတစ်နိုင်ငံလုံးလွှမ်းခြုံတယ်။ သူ့ဒေသအလိုက် သူ့ရဲ့ခုနကပြောတဲ့ တောင်ပေါ်ဒေသလား၊ ကမ်းနားဒေသလား၊ ငလျင်လှုပ်တတ်တဲ့ဒေသလား၊ ရေကြီးတတ်တဲ့ဒေသလား။ ဒီပေါ်မှာကျွန်တော်တို့ အကုန်ခြုံငုံပြီးတော့ Chapter ပေါင်း ခုနစ်ခု၊ ရှစ်ခုလောက်ရှိပါတယ်။ မြန်မာပြည်မှာလုပ်ရမည့် လုပ်ငန်းတော်တော်များများရဲ့အခြေခံမဖြစ်မနေဆောင်ရွက်ရမည်ဆိုတဲ့ ဆောက်လုပ်ရေးရဲ့ ကျွန်တော်တို့အခြေခံမူဝါဒ

တွေကို MMBC Code ထဲမှာ ထည့်ထားပါတယ်။ ဒါကြောင့်မို့ အခုဆိုရင် Code ဆိုတာ ရှိနေပါတယ်။ ရှိတယ်။ ပြဋ္ဌာန်းထားပေးတယ်။ MMBC Code။ နောက်တစ်ခု ခုနကပြောတဲ့ကုမ္ပဏီတွေကို စိစစ်တဲ့ အပိုင်းမှာ လူတွေကအရေးကြီးပါတယ်။ Engineer တွေသူတို့ဘယ်လိုသတ်မှတ်မလဲ။ ဒါတွေလည်း ကျွန်တော်တို့ဆောင်ရွက်ထားတယ်။ နောက်တစ်ခုသုံးတဲ့ Material ဒီနေ့တင်ပြတဲ့အထဲမှာလည်းပါပါတယ်။ အရည်အသွေးမရှိဘူး။ ဒါတွေလည်းအများကြီး ရှိပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ပစ္စည်းကို ဘယ်လိုပစ္စည်းတွေ မြန်မာပြည်ထဲဝင်နေတယ်ဆိုတာကို ကြည့်တဲ့အဖွဲ့အစည်း မရှိပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ကတော့ တတ်နိုင်သလောက် ဘာလုပ်ပေးသလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံတော်  Standard Council ဆိုတာ တင်ပြဖူးပါတယ်။ မြန်မာပြည်မှာရှိတဲ့ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းတွေရဲ့ စံချိန်စံညွှန်းတွေဆိုတာ ဘယ်လိုဖြစ်ရမယ်ဆိုတာ တင်ပြခဲ့ဖူးပါတယ်။ သို့သော် တင်ပြချက်တွေက အခုထိတော့ ဥပဒေအနေနဲ့ ဖြစ်ပေါ်မလာသေးပါဘူး။ သို့သော် ရှိပြီးသားစံချိန်စံညွှန်းတွေကတော့ ဒါဟာ နိုင်ငံတော်အတွင်းမှာရော၊ မြန်မာပြည်နဲ့လည်း ကိုက်တယ်။ နိုင်ငံတကာတွေနဲ့လည်း ဘာမှ Issue မရှိဘူး။ ဒါတွေကိုတော့ ကျွန်တော်တို့က လောလောဆယ် နိုင်ငံတော်ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေလုပ်မယ်ဆိုရင်တော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပဲ တာဝန်ခံပြီးတော့ Smite Standard တွေ၊ နောက်ပြီးတော့ Dron Standard တွေ၊ Steel Standard တွေ၊ Bequem Standard တွေ ဒါတွေ ကိုကျွန်တော်တို့က တာဝန်ယူပြီး ထုတ်ပေးပါတယ်။ ဒါတွေသုံးပါ။ ဒါက International နဲ့လည်း ညီတယ်။ သို့သော် ဥပဒေအရတာမဖြစ်သေးတာ။ ဒါကလည်း တစ်နေ့နိုင်ငံတော်ရဲ့ ဒီ Standard Law ကြီးထွက်လာရင် ဒါတွေက ဥပဒေထဲမှာ ပါသွားမှာပါ။ သို့သော် မပေါ်ခင် ကြားကာလမှာ ဒါတွေ သုံးပါ။ ဒါတွေကိုလည်း ကျွန်တော်တို့ Standard ပိုင်း လုပ်ပေးပါတယ်။ တစ်ပိုင်း။ ဒီနေ့တင်ပြတဲ့ အထဲမှာလည်း ပါပါတယ်။ ဘယ်လိုကို အရည်အသွေးစစ်မလဲ။ မြန်မာပြည်မှာ ဘယ်နေရာမှ မရှိဘူး။ အရည်အသွေးစစ်တဲ့နေရာ။ ရန်ကုန်မှာရှိတယ်။ နည်းနည်းပါးပါးရှိတယ်။ မန္တလေးနည်းနည်းပါးပါးရှိတယ်။ ရန်ကုန်၊ မန္တလေးကလွဲလို့ ဘယ်နေရာမှ မရှိတော့ဘူး။ ဒါပေမယ့် စစ်ဖို့လိုတယ်။ ကျွန်တော်တို့အဆောက်အဦးတွေဟာ ခုနကပြောတဲ့ Test ရဲ့ Smart လုပ်မယ်။ သံချောင်းတွေ ကျွန်တော်တို့ သတ်မှတ်တဲ့ စံချိန်စံညွှန်း ရှိပြီလား။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ကပဲ တာဝန်ယူပြီးတော့ ဒါဆိုရင် ကျွန်တော်တို့မှာက Standard Lab တွေရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ သုတေသနဗဟိုဌာနကြီးရှိပါတယ်။ ဒီဟာတွေကျွန်တော်တို့ကအကုန် ဆန်းစစ်စစ်ဆေးတိုင်းထွာ ဒါတွေ ကျွန်တော်တို့ အကုန်လုပ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က ဦးဆောင်ပြီးတော့ အခုဆိုရင်

တိုင်းနှင့်ပြည်နယ် ၁၄ ခုမှာ ကျွန်တော်တို့ Lab လေးတွေစပြီးတော့ ထောင်ပေးထားပါတယ်။ ထောင်ပေးတယ်ဆိုတာ စထောင်နေပါတယ်။ နိုင်ငံခြားက Aid ရရင်လည်း အဲ့ဒီ ပိုက်ဆံတိုးပေးပါ။ သူတို့ဒီမှာ At Least တိုင်းနှင့်ပြည်နယ် ၁၄ ခုမှာတော့ Lab တွေတော့ရှိသင့်တယ်။ စမက်စမ်းတဲ့လက်။ အခြေခံအားဖြင့် သံချောင်းစမ်းတဲ့ Lab ဒါလေးတွေကို ကျွန်တော်တို့ကပဲ ဦးဆောင်ပြီး လုပ်ပေးပါမယ်။ Lab ဆိုတာကလည်း ဒီအတိုင်းထောင်လိုက်လို့ မရပါဘူး။ Caliberation ဆိုတာပါလာပါတယ်။ စမ်းတာစစ်တာတွေက ဘယ်သူကတာဝန်ယူသလဲဆိုတော့ Caliberation ကိစ္စကို ကျွန်တော်တို့က တာဝန်ယူရပါတယ်။ ကျွန်တော်တို့ထောင်ထားတဲ့ Lab မှာရှိတဲ့ဟာကို ကျွန်တော်တို့တာဝန်။ ဒါကြောင့်မို့ ဒီလိုကျွန်တော်တို့က လုပ်ငန်းတစ်ခုအရည်အသွေးကြောင်း ပြောပြီးဆိုတာနဲ့ Quality အနောက်မှာ လုပ်ရတဲ့အလုပ်တွေအများကြီးပါ။ ကျွန်တော်တို့လည်း အရမ်းဖြစ်ချင်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ Quality ကောင်းတဲ့လမ်းတွေ၊ တံတားတွေ၊ အဆောက်အဦတွေ ဘာပဲလုပ်လုပ် ကျွန်တော်တို့ စံချိန်စံညွှန်းနှင့်ညီစေချင်တယ်။ Quality ကောင်းစေချင်တယ်။ ကြာရှည်ခံစေချင်တယ်။ Value for Money ပေါ့။ ကျွန်တော်တို့ သုံးတဲ့ငွေပေါ်မှာ ကျွန်တော်တို့ ရသင့်ရထိုက်တဲ့ အရည်အသွေးတစ်ခုတော့ လိုချင်ပါတယ်။ ဒါကြောင့်မို့လည်း ကျွန်တော်တို့အနေနဲ့ ဒါတွေကိုလည်း ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ဒီ လမ်းညွှန်ချက်ထုတ်တယ် ဆိုတာက ဒါတကယ့် Very fast Step။ ကျွန်တော်တို့အရင်မရှိခဲ့တဲ့ဟာတစ်ခုကို ကျွန်တော်တို့ စပြီးတော့ ဒါလေးကို လမ်းညွှန်ချက်လို့လည်းခေါ်ပါတယ်။ ကျွန်တော်တို့ လောဘမကြီးပါဘူး။ ကျွန်တော်တို့ တိုင်းပြည်အခြေအနေ ပုဂ္ဂိုလ်အားလုံးလည်းသိပါတယ်။ ကျွန်တော်တို့လည်း သိပါတယ်။ ရုတ်တရက်ကြီး ကျွန်တော်တို့ ဥပဒေကြီးနဲ့ ဒုန်းဆိုသွားချလိုက်ရင် လုပ်ငန်းတွေအကုန်လုံးရပ်ကုန်မှာပါ။ ဘယ်သူမှ မလုပ်နိုင်သေးပါဘူး။ ဒါကို ကျွန်တော်တို့အနေနဲ့ နှစ်နှစ်တန်သည်။ သုံးနှစ်တန်သည်။ ကျွန်တော်တို့လုပ်ငန်းရှင်တွေရော၊ ခုနကပြောတဲ့ ရောင်းတဲ့လူတွေရော၊ ကျွန်တော်တို့ ခုနက ပစ္စည်းပေးသွင်းတဲ့လူတွေ စသည်ဖြင့်ပေါ့။ ဒါတွေ အကုန်လုံးကို ကျွန်တော်တို့က အားလုံးညီညီ ညွတ်ညွတ်နဲ့ Quality ကိုသွားတော့မယ်၊ Quality Assurance ပိုင်းကို ဘယ်လိုသွားတော့မယ်။ Quality Control ပိုင်းကိုတို့ဘယ်လိုသွားတော့မလဲ။ သွားမယ့်လိုအပ်တဲ့ Tools လို့ခေါ်ပါတယ်။ အဲဒီ Tools တွေလည်း ကျွန်တော်တို့က ဖြည့်ပေးရပါမယ်။ ဒါတွေမရှိဘဲနဲ့ Quality သွားချင်တယ်။ Quality သွားချင်တယ် မရပါဘူး။ ဒါကြောင့်မို့လို ကျွန်တော်ခုနက တင်ပြတဲ့ Human Resource ပိုင်းမှာလည်း ကြည့်ရမယ်။ Capacity Building မှာ Capacity တွေလည်း ရှိရမယ်။ ကုမ္ပဏီလေးတွေကလည်း တကယ်လုပ်ရည်ကိုင်ရည်ရှိတဲ့ ကုမ္ပဏီလေးတွေ၊ လုပ်ငန်းအပေါ်မှာ သစ္စာရှိရှိနဲ့

ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်ကော်မတီရဲ့ သိက္ခာ၊ လုပ်နေတဲ့ အင်ဂျင်နီယာတွေရဲ့ ပညာရှိသိက္ခာ။ ဒါတွေကို လိုက်နာလေးစားပြီးတော့ လုပ်ဖို့လည်းလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီလိုဆောင်ရွက်ရတဲ့ အခါမှာ ကျွန်တော်တို့ ဒီနေ့တင်ပြချက်တွေ အပေါ်မှာ ကျွန်တော် အင်မတန်မှ ကျေးဇူးတင်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပျဉ်းမနား မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်တင်သွင်းတဲ့ အဆိုနှင့်ပတ်သက်ပြီး တော့ ကျွန်တော့်အနေနဲ့ ထောက်ခံပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးသန်းစိုးအောင်(ပျဉ်းမနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အဆိုကိုအကြံပြုဆွေးနွေးသွားကြပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး အထူးပင် ကျေးဇူးတင်ပါတယ်။ ဒီအဆိုဟာ နိုင်ငံတော်သမ္မတရုံးရဲ့ညွှန်ကြားချက်ဖြစ်တဲ့အတွက် တိတိကျကျ လိုက်နာရမယ့် လမ်းညွှန်လည်းဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာငွေတွေ အိတ်ပေါက်နဲ့ ဖားကောက်နေ ကြတဲ့ သံသရာမှလွတ်မြောက်ရန် လိုအပ်နေပါပြီ။ လမ်းညွှန်အတိုင်းလိုက်နာကြမှ၊ ပွင့်လင်းမြင်သာကြ မှ၊ ပြည်သူကိုဗဟိုပြုကြမှသာ ပြည်ထောင်စုလွှတ်တော်ကြီးက အတည်ပြုပေးလိုက်သော နိုင်ငံတော် စီမံကိန်းတွေဟာ အရည်အသွေးမီ၊ စံချိန်မီကာ တိုင်းပြည်ဖွံ့ဖြိုးတိုးလက်လာမည်ကို ယုံကြည်ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေတွေကို အမြီးနုတ်၊ ခေါင်းနုတ်ပြီးမှ ပြည်သူ့ထံရောက်ရှိလာမှုကို ကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကလည်း ကူညီပေးကြပါ လို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကြောင့် ကျွန်တော် တင်သွင်းတဲ့အဆိုကို အတည်ပြုပေးပါရန် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသန်းစိုးအောင်၊ ပျဉ်းမနားမဲဆန္ဒနယ် က တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆိုအား ထောက်ခံပါကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အဆိုကိုအတည်ပြုပေးရန် ရှင်းလင်းပြောကြားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

**မူကြမ်း**

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးသန်းစိုးအောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အတည်ပြုခဲ့တဲ့အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနကလည်း အလေးအနက်ထားပြီးတော့ အထူးကြပ်မတ်ဆောင်ရွက်ပေးစေလိုပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတဲ့ ကိုယ်စားလှယ်များရော၊ မဆွေးနွေးတဲ့ကိုယ်စားလှယ်များရော ဒီအဆိုနှင့်စပ်လျဉ်းပြီး တိကျတဲ့အချက် အလက်နဲ့ ခိုင်မာတဲ့အထောက်အထားများကို ကျွန်တော့်ထံကို ပေးပို့စေလိုပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်မှ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေဆီကို ဒီအဆိုနှင့်စပ်လျဉ်းပြီး ကောက်နုတ်ပြီးတော့ လွှတ်တော်အနေနဲ့လည်း ပေးပို့သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကို ဒါ အသိပေး ခြင်းဖြစ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၈။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၃း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရှက်